ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့၊ (30-1-2015) (စ၁၀၁)

မမေ့လျော့ခြင်း

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာန မီယန္တိ၊ ယေ ပမတ္တာ ယထာမတာ။

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတည်း။
မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သူတို့သည် သေသည် မည်ကုန်၏။

(အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒ)

အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။(ယာပုံ)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် "မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များသို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း၊

> "ရာသီဥတုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာ၊ စွမ်းအင်နှင့် ရေ လုံလောက်စွာရရှိနိုင်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု စသည့် ကိစ္စရပ်များ၌ စွမ်းဆောင်ရည်မြှင့်မားရန် ဆောင်ရွက်ကြရမည်ဖြစ်။"

ယနေ့အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်မှာ ၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများမှ အတည်ပြုခဲ့သည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေသော၊ လျော့နည်းစေသော အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း(Rio+20) ရီယိုညီလာခံအပြီး နှစ် ၂၀ အလွန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အဆိုပါအစည်းအဝေးတွင် အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစိုးရမဟုတ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဦးဆောင်သူများမှ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် အဖြေရှာဖွေထုတ်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖိုးတန်သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် နေပြည်တော် အရှေ့ဘက်ခြမ်းဆီမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ဆောင်းခိုငှက်တို့ကျက်စားရာ ပလိပ်အင်းဒေသရေကျ၍ စိုက်ပျိုးရေးစတင်

မန္တလေး ဇန်နဝါရီ ၂၉

ဘုရားစေတီပေါ်များမှုနှင့်ပတ်သက်ပြီး ရှေးစာဆိုတစ်ခုရှိခဲ့ဖူးသည်။ မြို့ပုဂံ၊ ရွာပလိပ်ဆိုသော စာဆိုပင်ဖြစ်သည်။ ပလိပ်တွင် ရှေးလက်ရာ စေတီ၊ ပုထိုးများစွာ လက်ရာမျိုးစုံ၊ ပုံစံမျိုးစုံကိုတွေ့မြင်နိုင်သည်။ ပလိပ်သည် ရှေးယခင်မြန်မာဘုရင်လက်ထက်က စည်ပင်ခဲ့သောဆိပ်ကမ်းရွာတစ်ခုအဖြစ် တည်ရှိခဲ့ကြောင်းသိရသည်။ စည်ပင်ခဲ့သည့် ရွာကလေးဖြစ်သည့်အတိုင်း မြို့စားရွာပေးသည့်အစဉ်အလာတွင် ပလိပ်စားဆိုသည်ကိုပင် ပေးထားခဲ့သည်။ ပလိပ်ရွာစား ဦးဖျော်မှာနာမည်ကြီးခဲ့သည်။ ဦးဖျော်သည် မင်းဆရာဖြစ်ပြီး အင်းဝဆင်ဖြူရှင်၊ မြေဒူးမင်းလက်ထက်နှင့် စဉ့်ကူးမင်းလက်ထက်တွင် မင်းဆရာအဖြစ်မြောက်စားခြင်းခံရပြီး စဉ့်ကူးမင်းလက်ထက်တွင် မင်းရာဇာဘွဲ့ဖြင့် ပလိပ်ရွာစားရသည်ဟု သိရသည်။

ပလိပ်တွင်မူလက စေတီပုထိုးအဆူပေါင်း ၅၀၀ နီးပါးအထိရှိပြီး ပုဂံခေတ်မှသည် ရတနာပုံခေတ်အထိ မင်း၊ မှူးမတ်နှင့် သူဌေးသူကြွယ်များက ဆောက်လုပ်လှူဒါန်းခဲ့ကြသည်ဟု သိရသည်။

ပလိပ်ဒေသတွင် လူသိများသောဘုရားတစ်ဆူမှာ ရတနာလာဘမုနိ မြွေဘုရားဟုခေါ်သည့် မြွေဘုရားပင်ဖြစ်သည်။ မြွေဘုရားဘေးတွင် ဆောင်းခိုငှက်တို့ကျက်စားရာ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

ကြေးမုံ စာတည်းရှုထောင့် ၃၀-၁-၂၀၁၅၊ သောကြာနေ့

ထာဝရဘေးမဲ့လွှတ်တော

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့နယ် နမ့်ခင်းကျေးရွာအုပ်စုတွင် ထာဝရဘေးမဲ့လွှတ်တောကို မကြာမီက ဖွင့်လှစ်ခဲ့သည်။ မြေလွတ်မြေရိုင်း ဧကများတွင် ကျွဲ၊ နွား၊ ဆိတ်၊ ယုန်၊ ကြက်ဆင်၊ ကြက်နှင့်ငှက်မျိုးစုံ ၃၀၀ ကျော်ကို ဘေးမဲ့လွှတ်ပေးခြင်းသည် ကောင်းခြင်းမင်္ဂလာသတင်းဖြစ်သည်။ ဘေးမဲ့တောတွင် နောက်ထပ် ဧက ၄၀၀ ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းနိုင်မည်ဟု ဆိုသည်။

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်တွင် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာမှုကြောင့် တောမှီတိရစ္ဆာန်များသည် နေရာထိုင်ခင်း ပျောက်လာခဲ့သည်။ သစ်တောဂေဟစနစ်များ ပျက်ယွင်းလာမှုကြောင့် တောနေတိရစ္ဆာန်များသည် နေအိမ်ရပ်ဝန်းများအထိ ချင်းနင်းဝင်ရောက်လာသည်။ လေးနှစ်တာကာလအတွင်း လူအများ၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် ဆင်ကောင်ရေ ၇၃ ကောင် သေဆုံးခဲ့ရကြောင်း သစ်တောဦးစီးဌာနစာရင်းဇယားများအရ သိရသည်။

ယခင်က လယ်ယာကိုင်းကျွန်းလုပ်ငန်းခွင်များတွင် ကျွဲ၊ နွားများ လွှတ်ကျောင်းရာ စားကျက်မြေများရှိသည်။ ဒေသ၏ အသေးစားဘေးမဲ့တောလေးများဟု ဆိုနိုင်ပါသည်။ ထိုစားကျက်မြေများတွင် သိုက်မြုံဖွဲ့တည်နေထိုင်ကြသော တောတိရစ္ဆာန်များအနက် အချို့က ဝန်းကျင်လယ်ကွင်းများကို ညဘက်စောင့်ရှောက်ပေးတတ်ကြသည်။ ယခု ထိုစားကျက်မြေဘေးမဲ့တောများ ပျောက်ကွယ်သွားသည်။

လတ်တလောဖြစ်စဉ်တစ်ရပ်မှာ ဟင်္သာတဘက်တွင် မတ်ပဲစိုက်ခင်း၊ ဧကသုံးထောင်ကျော်ကို ကြွက်များ ကိုက်ဖြတ်စားသောက်ခံနေရခြင်းဖြစ်သည်။ လယ်ယာမြေဂေဟစနစ် ပျက်ယွင်းလာမှုဆိုးကျိုး နမူနာတစ်ခုဖြစ်သည်။ လယ်ယာမြေဂေဟစနစ် မူလအတိုင်းပြန်ဖြစ်လာရန်မှာ ယခင်ကဲ့သို့ ရွာတိုင်းတွင် ကျွဲ၊ နွားများအတွက် လိုအပ်သလို လယ်သမားများအနေဖြင့် မိတ်ဆွေသတ္တဝါများ မှီတင်းနေနိုင်ရန် စားကျက်ကွင်းများ ပြန်လည်ဖော်ထုတ်ပေးခြင်းမှ တစ်ပါး အခြားမရှိပါ။

စားကျက်မြေများရှိနေသမျှ လယ်ယာမြေဂေဟစနစ်ကို ထိန်းထားနိုင်မည်။ သစ်တောများကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် သစ်တောဂေဟစနစ် ယိုယွင်းမှုမရှိ ပုံမှန်ဖြစ်လာနိုင်မည်။ မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေကို ကြည့်လျှင် ၁၈၅၆ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်း၊ ၁၉၂၅ ခုနှစ်တွင် ၆၅ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၉၅၇ ခုနှစ်တွင် ၅၇ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁၉၇၅ ခုနှစ်တွင် ၅၂ ဒသမ ၇ ရာခိုင်နှုန်းထိ လျော့နည်းလာပြီး ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ရာခိုင်နှုန်း ဝန်းကျင်သာရှိတော့ကြောင်း သိရသည်။ တိုးပွားလာသော လူဦးရေနှင့်အတူ သစ်တောမြေများ လျော့နည်းလာရသလို အခြားတစ်ဖက်တွင်လည်း လူတို့၏ စည်းကမ်းမဲ့ ကိုယ်ကျိုးအတ္တကြောင့်ဟုလည်း ဆိုရပါမည်။

ယခုနှစ်အတွင်းထုတ်ပြန်သည့် ကုလသမဂ္ဂ၏စာရင်းအရ သစ်တောမြေများ နည်းပါးသွားသည်။ ယခုအခါ နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပ အလှူရှင်များက မိမိတို့နိုင်ငံ၏ ဒီရေတောများတိုးပွားလာရေး အလေးထားလာနေကြပါပြီ။ ထိုနည်းတူ အရှေ့၊ အလယ်၊ အနောက်ရိုးမသုံးသွယ် သစ်တောများထိန်းသိမ်းရေးကိုလည်း အာရုံစူးစိုက်လာနေကြပါပြီ။

မိမိတို့ပြည်သူများဘက်ကလည်း လူတစ်ယောက် သစ်တစ်ပင်ရှင်သန်စေခြင်းဖြင့် ကုသိုလ်ယူနိုင်ကြရပါမည်။ တတ်နိုင်ပါက စုပေါင်းညီညွတ်အားနှင့် ကျိုင်းလပ်မြို့နယ်ရှိ ထာဝရဘေးမဲ့တောလို သစ်တောဂေဟစနစ်ရှင်သန်ဖွံ့ဖြိုးအလှတိုးစေနိုင်ကြရမည်။ မိမိတို့နိုင်ငံသစ်တောများ ရှင်သန်ဖွံ့ဖြိုးလာစေရေးတွင် အားလုံးမှာ တာဝန်ရှိလာနေပြီ။ မျက်မှောက်ကာလရာသီဥတုနာမကျန်းဖြစ်နေမှုကို ကုစားနိုင်မည့် ဆေးကောင်းတစ်ရပ်မှာ သစ်တောသစ်ပင်များသာဖြစ်နေ၍ သစ်ပင်စိုက်ပျိုး သစ်တောဖွံ့ဖြိုးရေးသည် မိမိတို့အားလုံး၏ မဖြစ်မနေ ဆောင်ရွက်ကြရမည့်အခြေအနေဖြစ်လာနေပါပြီ။

'ဥတုရာသီ တောကိုမှီ၏' ဟု တိကျညွှန်းဆိုထားသည်မဟုတ်ပါလော။ အရေးကြီးဆုံးမှာ မည်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့သာ။ မည်သူသစ်ပင်ခုတ်ခုတ် ကိုယ်မခုတ်ဖို့သာ ပဓာန။ ဤသည်ပင် လူသားဆန်သော လူ့အသိ။ ဤအသိပိုင်ရှင်များ များပြားလာပြီဆိုလျှင် "နိုင်ငံအဝှမ်း၊ သစ်တောစွမ်းဖြင့်၊ စိမ်းလန်းလာမည်" အသေအချာဖြစ်သည်။ ထိုအချိန် သစ်တောလယ်ယာမြေဂေဟစနစ်များ တစ်ဖန်ရှင်သန်ဖွံ့ဖြိုးလျက် သတ္တလောကကို အကျိုးပြုပေးလာနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အား ခေတ်မီစက်ကိရိယာနှင့် ခေတ်မီဆက်သွယ်ရေးပစ္စည်းများ ထည့်သွင်းတည်ဆောက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းအကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီနှင့် တင်ဒါအောင်မြင်သော JGC-YONGNAM-CAPE Consortium အဖွဲ့တို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးဇင်ယော်ဦးဆောင်၍ စီမံကိန်းအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ၎င်းတို့၏ Consortium Share ဖွဲ့စည်းမှု၊ လေကြောင်းဖြင့် သွားလာမည့် ခရီးသည်အရေအတွက် Demand Focus တွက်ချက်မှု၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှု၊ စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်နှင့် အချိန်ပြဇယားများအား ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော လုပ်ငန်းကြီးကြပ်မှုကော်မတီများမှ လုပ်ငန်းကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြကာ နေ့လယ်ပိုင်းတွင် အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းသည် ရန်ကုန်မြို့မှ ၈၀ ကီလိုမီတာအကွာအဝေးတွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး ကျောက်တိုင်ကန်ကျေးရွာအနီးရှိ မြေဧက ၉၆၉၀ ပေါ်တွင် ပထမအဆင့်အနေဖြင့် တစ်နှစ်လျှင် ခရီးသည် ၁၂ သန်း ဝင်/ထွက်သွားလာနိုင်သော အဆောက်အအုံ၊ Air Bus (A 380) လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်း၊ ပျံသန်းမှုဆိုင်ရာအထောက်အကူပြု ခေတ်မီစက်ကိရိယာနှင့် ခေတ်မီဆက်သွယ်ရေးပစ္စည်းများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပထမအဆင့် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဘုန်းပွင့်စေတီတော် ထမနဲထိုးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၈) ကြိမ်မြောက် စတုဒိသာနှမ်းမနဲထိုးပွဲကို ဇန်နဝါရီ ၃၀၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းတို့တွင် စေတီတော်ရင်ပြင်၌ တစ်ရက်လျှင် ထမနဲ ဒယ် ၈၀ ဖြင့် ထမနဲထိုးမည်ဖြစ်သည်။

တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၂ ရက်)မွန်းလွဲ ၂ နာရီမှ စတင်၍ ရွှေဘုန်းပွင့်စေတီတော် သာသနာ့ဇောတိကမ္ဗာရုံ၌ ဘုရားဖူးလာ ဧည့်ပရိသတ်များအား ထမနဲ စတုဒိသာဖြင့် ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ ထမနဲတစ်ဒယ်လျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၃ ရက်)နံနက်တွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၃ရက်) မွန်းလွဲ ၁နာရီတွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များက ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကျင်းပပြီး ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ကြကာ အလှူရှင်များက စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(ရီရီသန့်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်	ရွှေဈေး	၆၉၇၅၀၀	-	၆၉၈၅၀၀
မန္တလေး	ရွှေဈေး	၆၉၇၅၀၀	-	၆၉၈၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၅၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၅. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၅၇. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄. ၀၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၄၈၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၂. ၀၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၇၀၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၇၀. ၆၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၃၂၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၀၉. ၉၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



တတိယအကြိမ်မြောက်

စက်မှုလက်မှုသိပ္ပံ အင်းစိန် EGTI (Civil) ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူပွဲတော် ကျင်းပနိုင်ရန် အကြိုညှိနှိုင်းဆွေးနွေးပွဲဖိတ်ကြားခြင်း

အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းတွင် (၁၉၉၈ မှ ၂၀၀၂) ခုနှစ်အတွင်း EGTI(Civil) ဖြင့် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ ခင်ဗျား-ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ၂၇-၃-၂၀၁၅ရက်(သောကြာနေ့တွင် အင်းစိန် GTI ကျောင်း၌ ကျင်းပပြုလုပ်ရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် ကျောင်းသား၊ ကျောင်းသူအားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၂း၀၀ နာရီ
နေရာ - ဦးတင်ထွဋ်၊ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်ရှေ့ဝင်းအတွင်း

ဆက်သွယ်ရန်

ဦးတင်ထွဋ် ဖုန်း-၀၉-၄၉၃၀၅၀၉၀၊ ဦးကျော်သန်း ဖုန်း-၀၉-၅၀၅၅၅၁၃၊ ဦးမြင့်လွင် ဖုန်း-၀၉၂၅၉၈၀၇၈၉၆၊ ဦးသန့်ဇင် ဖုန်း-၀၉၅၀၃၀၁၈၀၊ ဦးတင်ထွန်းဇော် ဖုန်း-၀၉-၄၃၀၃၉၈၁၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၈၄၉၁၃၊ ဒေါက်တာနွယ်နီမြင့် ဖုန်း-၀၉-၅၁၇၇၀၄၂၊ ဦးသာအေး ဖုန်း-၀၉၄၉၃၁၀၈၃၆၊ ဒေါ်အောင်သီတာဝင်း ဖုန်း-၀၉-၄၂၅၀၂၃၉၂၆၊ ဦးအောင်သူ ဖုန်း-၀၉-၅၁၆၃၆၃၂၊ ဒေါ်ကြည်သာညိုဝင်း ဖုန်း-၀၉-၄၂၀၇၄၂၈၁၄၊ ဦးသီဟ ဖုန်း-၀၉-၅၁၆၈၃၂၇၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၉-၇၃၀၃၅၂၅၂၊ ဖုန်း-၀၉-၅၄၀၅၆၀၇၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၁၂၉၀၊ နေထွန်းအောင် ဖုန်း-၀၉-၈၅၁၅၅၀၄၊ ဦးအောင်မိုးသူ ဖုန်း-၀၉-၇၃၀၅၉၄၈၁၊ ဦးမြင့်အောင်ဖုန်း-၀၉-၅၀၈၈၉၅၀၊ ဦးရာဇာမျိုးဖုန်း-၀၉-၅၁၈၄၀၆၄

ပြည်တွင်းရေးရာ

○ ရှေ့ဖုံးမှ

မြင်တွေ့ရသည့် သာယာလှပသည့် တောတောင်တန်းများ မပြောင်းလဲဘဲ ရေရှည်ဆက်လက် တည်ရှိနေသည် ဖြစ်ပါကြောင်း။

ထို့ပြင် မဲခေါင်မြစ်စီးဆင်းရာ ဒေသများအတွင်း မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါ သဘာဝအဖိုးတန်အရင်းအမြစ်များသည် ဂေဟစနစ်ဝန်ဆောင်မှုများဖြစ်သည့် အစားအစာ၊ ရေ၊ လူနေမှုဘဝများ၊ ဆေးဖက်ဝင်အပင်များ၊ ဇီဝလောင်စာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှုများနှင့် ရာသီဥတု ပုံမှန်လည်ပတ်စေမှုအတွက် ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များသည် အကြောင်းအရင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးလျက်ရှိပြီး အဆိုပါစိန်ခေါ်မှုများသည် အကြီးစား ဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်ခြင်း၊ သစ်တောသယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ လူဦးရေအဆမတန်တိုးပွားလာခြင်း၊ သင့်တော်မှုမရှိသော ထုတ်လုပ်သုံးစွဲမှုပုံစံများ အသုံးပြုခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးနှင့် ပညာရေးဆိုင်ရာ စွမ်းဆောင်ရည် နည်းပါးမှုတို့ကြောင့်ပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ပုဂံမြို့သည် ၉ ရာစုနှင့် ၁၃ ရာစုအတွင်းက တည်ထောင်ခဲ့သည့် ရှေးကျသည့် ဘုရင့်နိုင်ငံတော်ဖြစ်ပါကြောင်း၊ ပုဂံမြို့သည် နေပြည်တော်၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး စေတီပုထိုးထောင်ပေါင်းများစွာ တည်ရှိပါကြောင်း၊ ဧရာဝတီမြစ်၏ အရှေ့ဘက်မြစ်ကမ်းနားမှာတည်ရှိပြီး ၁၆ စတုရန်းမိုင် ကျယ်ဝန်းပါကြောင်း၊ ပုဂံမြို့၏ အနောက်ဘက်၌ ရခိုင်ရိုးမတောင်တန်းများ ကာခြားထားမှုကြောင့် မုတ်သုံမိုးရရှိမှုနည်းပါးပြီး ခြောက်သွေ့ရခြင်းဖြစ်ကြောင်းကို အခြေခံပညာကျောင်းများရှိ ပထဝီဝင်ဘာသာရပ်မှာ ထည့်သွင်းသင်ကြားခဲ့ပါကြောင်း၊ ယခင်က ပုဂံမြို့နှင့် ၎င်းအနီးပတ်ဝန်းကျင်မှာ စိုစွတ်သောရာသီဥတုနှင့် မြေဩဇာကောင်းမွန်သော မြေဆီလွှာများရှိကြောင်း သမိုင်းသုတေသီများမှ လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ သို့ရာတွင် အလွန်အကျွံ အုတ်ဖုတ်ခြင်းများကြောင့် ထင်းလောင်စာများစွာလိုအပ်၍ ပုဂံဒေသအနီးရှိ သစ်တောများပြုန်းတီးခဲ့ရပါကြောင်း။

စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အကျိုးဆက်အနေဖြင့် မိုးရေရရှိမှု လျော့နည်းလာကာ ခြောက်သွေ့ပူပြင်းလာပြီး ယနေ့အခါမှာ ပုဂံဒေသရှိ သစ်တောများနှင့် ကျားများပျောက်ကွယ်ခဲ့ရပါကြောင်း၊ ထို့ပြင် မိမိတို့မွေးဖွားခဲ့သည့် ရှမ်းပြည်နယ်တွင် သစ်တောများ လျော့နည်းလာခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်ရှိ ဒေသများတွင် ကျားများပျောက်ကွယ်လာမှုသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ပျောက်ကွယ်လာခြင်းကို ညွှန်ပြနေပါကြောင်း။

ယနေ့ခေတ်တွင် သဘာဝသယံဇာတအရင်းအမြစ်များ၊ သဘာဝသယံဇာတများ ပျက်စီးပျောက်ကွယ်နေသည့် နေရာများ များစွာရှိနေပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာများတွင် ပျက်စီးမှုများ ပိုမိုဖြစ်ပေါ်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အနေအထားအရ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါကြောင်း။

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများကို ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှု ထိန်းသိမ်းကာကွယ်မှုများဖြင့် ဒေသခံအဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း (REDD+)အပါအဝင် ဂေဟစနစ်၏ ထောက်ပံ့ပေးခြင်းများကို စဉ်ဆက်မပြတ်ထောက်ပံ့ရန်၊ ကာဗွန်စျေးကွက်များ ထိန်းသိမ်းရန်နှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီး အစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် သယံဇာတအရင်း အမြစ်များ စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ လူသားအရင်းအမြစ်ဆိုင်ရာ အရင်းအမြစ်ကို ရရှိစေခြင်းစသည့် အချက်များပါဝင်သည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင်အကောင်အထည်ဖော်မှု အစီအစဉ်(၂၀၁၄-၂၀၁၈) Regional Investment Framework-RIF Implementation Plan 2014-2018)ကို အလေးထားညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှု အစီအစဉ်များတွင် ကောင်းမွန်သောဆက်သွယ်မှု၊ ယှဉ်ပြိုင်မှုများနှင့် ကျန်းမာရေး၊ ပညာရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် သင့်လျော်သော နည်းလမ်းများ ပါဝင်ပါကြောင်း၊ သဘာဝအရင်းအမြစ်ရင်းနှီးမြှုပ်နှံမှု အကျိုးရှိစေရေးအတွက် ပြည်သူလူထုအား အသိပညာပေးရန်နှင့် မူဝါဒဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးရန်အပြင် ပုဂ္ဂလိကဆိုင်ရာ ပြည်သူလူထုပူးပေါင်းပါဝင်မှုအစီအစဉ်များနှင့် အဖွဲ့အစည်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ အရည်အသွေးများ ပိုမိုကြံ့ခိုင်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား ကြိုးပမ်းအားထုတ်မှုများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ပေးမှုများကြောင့် အခြေခံအချက်များ ချိတ်ဆက်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများ၏ ဝေးလံခေါင်ဖျားသော အရပ်ဒေသများ၌ ဆက်သွယ်မှုကောင်းမွန်စေရန် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် ကျန်ရှိနေဆဲဖြစ်ပါကြောင်း။

ထို့ပြင် ရာသီဥတုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာ၊ စွမ်းအင်နှင့် ရေလုံလောက်စွာရရှိနိုင်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုစသည့် ကိစ္စရပ်များ၌ စွမ်းဆောင်ရည်မြှင့်မားရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို အတူတကွ ပူးပေါင်းလုပ်ဆောင် သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာနမှ ညွှန်ကြားရေးမှူးချုပ် James Nugent က အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ဒေသ ထိပ်သီးအစည်းအဝေး၌ ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်းဆက်သွယ်မှုပိုမိုကောင်းမွန်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း၊ ထို့ပြင် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ၂၀၁၄-၂၀၁၈ ကာလသတ်မှတ်ချက်ထား၍ အမြင့်ဆုံးလုပ်ဆောင်သွားကြရန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများရှိ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖွံ့ဖြိုးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် ဒေသတွင်းတွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများကိုလည်း အတူတကွ ဖြေရှင်းသွားကြရန် ဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့ကျင်းပသော အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ဆက်လက်အရှိန်မြှင့်လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးလှဆွေ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးမိတ်ဖက်နိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပင်မအစီအစဉ် (GMS Core Environment Programm)တို့ ပူးပေါင်း၍ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစည်းအဝေးများကို parallel လေးခုခွဲ၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။

သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ် (Natural Capital Business Forum)ဖွင့်ပွဲအခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် မြန်မာနိုင်ငံအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Winfried Wicklein တို့က အဖွင့်အမှာစကားပြောကြားသည်။ ဖိုရမ်သို့ မဟာမဲခေါင်ဒေသခွဲ ရင်းနှီးမြှုပ်နှံသူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်းကိုယ်စားလှယ် ၉၁ ဦး တက်ရောက်ခဲ့သည်။ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ်၏ ဆောင်ပုဒ်မှာ "မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း အနာဂတ်အကျိုးစီးပွားဖြစ်ထွန်းဖို့ ပြည်သူနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်စို့" ဖြစ်သည်။ ဖိုရမ်တွင် မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအကြောင်းအရာ၊ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အကြောင်းအရာ၊ တန်ဖိုးချိတ်ဆက်မှု (Value Chain)မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း အကြောင်းအရာ၊ အစိမ်းရောင်ကုန်သွယ်မှုတွင် သဘာဝအရင်းအမြစ်များအား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ ဖိုရမ်တွင် လုပ်ငန်းအဖွဲ့သုံးဖွဲ့ခွဲ၍ သဘာဝအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊ တန်ဖိုးချိတ်ဆက်မှုမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေသော/ လျော့နည်းစေသော အစိမ်းရောင်ကုန်သွယ်မှုတွင် သဘာဝအရင်းအမြစ်များအား ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆွေးနွေးခြင်းနှင့် သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဇီဝမျိုးစုံမျိုးကွဲ နယ်မြေဆိုင်ရာဖိုရမ် ဖွင့်ပွဲ အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Mr.Bruce Durm၊ ဇီဝမျိုးစုံမျိုးကွဲအတွင်းရေးမှူးရုံးမှ Mr.Charles Besancon တို့က အဖွင့်အမှာစကားပြောကြားသည်။ ဖိုရမ်၏ ဆောင်ပုဒ်မှာ "ဇီဝမျိုးစုံမျိုးကွဲ နယ်မြေဆိုင်ရာ စီမံအုပ်ချုပ်မှု မဟာဗျူဟာချမှတ်ဆောင်ရွက်ဖို့ ပူးပေါင်းဆောင်ရွက်စို့" ဖြစ်ပြီး ဖိုရမ်တွင် လုပ်ငန်းအဖွဲ့(၃)ဖွဲ့ခွဲ၍ မဲခေါင်မြစ်ဖျားခံနယ်မြေနှင့် ထိစပ်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများ၊ တနင်္သာရီဒေသနှင့် ထိစပ်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် (၃)နိုင်ငံ နယ်နမိတ် ထိစပ်လျက်ရှိသော သစ်တောဇီဝမျိုးစုံမျိုးကွဲနယ်မြေများဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် အစည်းအဝေးသဘာပတိအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် တွဲဖက်သဘာပတိအဖြစ် အာရှဖွံ့ဖြိုးရေးဘဏ်၊ သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုအကြီးတန်းကျွမ်းကျင်ပညာရှင် Mr.Sanath Ranawana တို့က ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ (၆)နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပင်မအစီအစဉ်မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်းကိုယ်စားလှယ် ၄၅ ဦး တက်ရောက်ကြသည်။ အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် ဇန်နဝါရီ ၂၉ ရက်နေ့၌ ကျင်းပရန်ရှိသည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေး၏ နည်းပညာပိုင်းဆိုင်ရာကိစ္စများ၊ EMM4 အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိစ္စများ၊ EMM4 တွင် ထုတ်ပြန်ကြေညာမည့် ဝန်ကြီးများ ပူးတွဲကြေညာချက် အပြီးသတ်မူကြမ်းကို ဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပရန်ရှိသည့် မဟာမဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်နေရာတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ပတ်ဝန်းကျင်ဆိုင်ရာ လူငယ်အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူငယ်စုစုပေါင်း ၄၅ ဦးတက်ရောက်ပြီး အစည်းအဝေး၏ ဆောင်ပုဒ်မှာ "သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံရာတွင် လူငယ်များ ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံရန်" ဖြစ်ပါသည်။ အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များ၊ မဟာမဲခေါင်ဒေသခွဲ လူငယ်လူရွယ်များမှ ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်နှင့် ဆက်သွယ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုတွင် လူငယ်လူရွယ်များမှ ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မည့် အဆိုပြုလွှာများအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အစ္စရေးနှင့်ဟဇ်ဘိုလာ နယ်စပ်တွင် အပြန်အလှန် ပစ်ခတ်၍ သုံးဦးသေဆုံး

ဂျေရုဆလင် ဇန်နဝါရီ ၂၉

လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် အစ္စရေးတပ်များနှင့် ဟဇ်ဘိုလာစစ်သွေးကြွများအကြား အပြန်အလှန် ပစ်ခတ်ကြရာ အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စပိန်နိုင်ငံသား ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အစ္စရေးတပ်များ ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံရသဖြင့် လက်ဘနွန်တောင်ပိုင်းသို့ လက်နက်ကြီးများဖြင့် ပြန်လည် တုံ့ပြန်ခဲ့ကြသည်။

နယူးယောက်မြို့၌ ပြင်သစ်နိုင်ငံက ခေါ်ယူခဲ့သော အရေးပေါ် အစည်းအဝေးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အဆိုပါ ပစ်ခတ်မှုနှင့် ပတ်သတ်၍ ဆွေးနွေးကြမည်ဖြစ်သည်။

ပြင်းထန်လာခြင်း မရှိစေရေးအတွက် အတတ်နိုင်ဆုံး ချုပ်တည်းကြပါရန် လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂအထက်တန်း တာဝန်ရှိသူ တစ်ဦးက သက်ဆိုင်ရာအဖွဲ့များကို တိုက်တွန်းခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင် နေတန်ညာဟုက အရေးပေါ် လုံခြုံရေး အစည်းအဝေးခေါ်ယူကျင်းပပြီး တိုက်ခိုက်သူများသည် အပြည့်အဝ ပေးဆပ်ကြရမည်ဟု ပြောကြားခဲ့သည်။

အစ္စရေး၊ လက်ဘနွန်နှင့် ဆီးရီးယား သုံးနိုင်ငံနယ်စပ်များထိတွေ့ရာ ရှီးဘားလယ်တောနယ်မြေ၌ ဒေါ့ဗ်တောင်အနီးတွင် အစ္စရေး စစ်ဘက်မော်တော်ယာဉ်တန်းကို ဒေသစံတော်ချိန် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် တင့်ကားဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံရပြီးနောက် နယ်စပ်ဖြတ်ကျော် ပစ်ခတ်ခြင်းများ ဖြစ်ပွားလာခဲ့ရသည်။

အစ္စရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၍ အခြား ခုနစ်ဦးဒဏ်ရာ ရရှိခဲ့သည်။ နောက်ပိုင်း၌ လက်ဘနွန်ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့က ၎င်း၏ တပ်ဖွဲ့ဝင်တစ်ဦး ရှီးဘားလယ်တောနယ်မြေအနီးတွင် သေဆုံးကြောင်း ကြေညာခဲ့သည်။

အစ္စရေး၏ လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် ၎င်း၏ တိုက်ခိုက်ရေးသမားခြောက်ဦးနှင့် ဂိုလန်ကုန်းမြင့်တွင် အီရန်တော်လှန်ရေး အစောင့်တပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦးတို့ သေဆုံးခဲ့ရခြင်းအတွက် လက်စားချေခြင်းဖြစ်ကြောင်း ဟဇ်ဘိုလာတို့က ပြောသည်။ **ဘီဘီစီ။**

အဏုမြူဗုံး လျှို့ဝှက်ချက်များ ရောင်းချရန် ကြိုးပမ်းမှုဖြင့် အမေရိကန် သိပ္ပံပညာရှင် ထောင်ဒဏ်ချမှတ်ခံရ

ဝါရှင်တန် ဇန်နဝါရီ ၂၉

ဗင်နီဇွဲလားနိုင်ငံသို့ အဏုမြူဗုံး ပြုလုပ်ခြင်းဆိုင်ရာ နည်းပညာလျှို့ဝှက်ချက်များ ရောင်းချရန် ကြိုးပမ်းမှုဖြင့် အမေရိကန်လော့စ်အလာမို့စ် အမျိုးသားအဏုမြူဓာတ်ခွဲစမ်းသပ်ခန်း၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သိပ္ပံပညာရှင်တစ်ဦးအား ထောင်ဒဏ်ငါးနှစ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလား အစိုးရတာဝန်ရှိသူတစ်ဦးအဖြစ် အသွင်ယူထားသော အမေရိကန်ပြည်ထောင်စု လုံခြုံရေးအေဂျင်စီ (အက်ဖ်ဘီအိုင်) စုံထောက်တစ်ဦးက အဏုမြူဗုံးတည်ဆောက်ခြင်းဆိုင်ရာ လျှို့ဝှက်သတင်းအချက်အလက်များကို ၂၀၁၃ ခုနှစ်အတွင်းက အဆိုပါ သိပ္ပံပညာရှင်ထံမှ ဝယ်ယူခဲ့သည်။ မိမိပြစ်မှု ကျူးလွန်ခဲ့သည်ဟု ပီဒရို လီယိုနာဒို မက်ချာရိုနီ အမည်ရှိ သိပ္ပံပညာရှင်က ဖြောင့်ချက်ပေးခဲ့သည်။

ပြစ်မှုကို ကျူးလွန်ခဲ့သည့် ပီဒရို မက်ချာရိုနီမှာ အသက်(၇၉)နှစ်အရွယ်ရှိပြီး အာဂျင်တီးနားနိုင်ငံဖွားဖြစ်သည်။၎င်း၏ ဇနီးသည်မှာလည်း အဆိုပါပြစ်မှုတွင် ပါဝင်ကျူးလွန်ခဲ့မှုဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခံခဲ့ရသည်။ မက်ချာရိုနီအား စွဲချက်တင်ခြင်း မပြုမီ စုံစမ်းစစ်ဆေးမှုများကို တစ်နှစ်နီးပါး လုပ်ဆောင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေး ဗျူရို(အက်ဖ်ဘီအိုင်)က ၎င်း၏နေအိမ်တွင်းရှိ ကွန်ပျူတာများ၊ ပေးစာများ၊ ဓာတ်ပုံများနှင့် စာအုပ်များကိုလည်း သိမ်းယူခဲ့သည်။ဗင်နီဇွဲလားအရာရှိအဖြစ် အသွင်ယူထားသည့် အက်ဖ်ဘီအိုင် စုံထောက်အား မက်ချာရိုနီက ၎င်းအနေဖြင့် ဗင်နီဇွဲလား နိုင်ငံအနေဖြင့် ၁၀ နှစ်အတွင်း အဏုမြူဗုံး တည်ဆောက်နိုင်ရန် အကူအညီပေးနိုင်သည်ဟု ပြောကြားခဲ့ကြောင်း အမေရိကန်တရားရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။မက်ချာရိုနီသည် ပထမဆုံးသော အဏုမြူဗုံးတည်ဆောက်ရာ လော့စ်အလာမို့စ် ဓာတ်ခွဲခန်းတွင် ဆယ်စုနှစ်တစ်နှစ်နီးပါးမျှ တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၎င်း၏ ဇနီးမှာ အဆိုပါ နျူကလီးယား ဓာတ်ခွဲစမ်းသပ်ခန်း၌ နည်းပညာဆိုင်ရာ မှတ်တမ်းရေးသားသူအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ **ဘီဘီစီ။**

ရုရှားနှင့် အနောက်အုပ်စု၏ စစ်ရေးပြဿနာကို ဂေါ်ဘာချော့ဗ် သတိပေး

မော်စကို ဇန်နဝါရီ ၂၉

ဆိုဗီယက် ခေါင်းဆောင်ဟောင်း မီခေးလ် ဂေါ်ဘာချော့ဗ်က ရုရှားနှင့် အနောက်အုပ်စု၏ ထိပ်တိုက်တွေ့ဆုံမှုသည် စစ်ပွဲကြီးအသွင်သို့ ဦးတည်သွားနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် ရုရှားလိုလားသူ ခွဲထွက်ရေးသမားများ အကြားဖြစ်ပွားသည့် သွေးထွက်သံယိုတိုက်ခိုက်မှုများကြောင့်လူပေါင်း ၅၁၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။

ခွဲထွက်ရေးသမားများကို ရုရှားနိုင်ငံက အကူအညီပေးထောက်ပံ့လျက်ရှိသည်ဟု ယူကရိန်းနိုင်ငံက စွပ်စွဲထားသလို ခွဲထွက်ရေးသမားများ၏ နယ်မြေများပြန်လည်ရရှိရေး ယူကရိန်းနိုင်ငံ၏ ကြိုးပမ်းမှုနောက်ကွယ်တွင် အနောက်အုပ်စုရှိနေသည်ဟု ရုရှားနိုင်ငံက ပြောကြားသည်။

"အနောက်အုပ်စုက ရုရှားနိုင်ငံကို စစ်အေးတိုက်ပွဲသစ်အတွင်း ဆွဲသွင်းခဲ့ပြီး စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုတွေ ဖြစ်ပွားလာနိုင်ပါတယ်။ စစ်အေးတိုက်ပွဲကနေ စစ်ပူတိုက်ပွဲဖြစ်မလာနိုင်ဘူး လို့ ကျွန်တော်မပြောနိုင်ပါဘူး" ဟု ဂေါ်ဘာချော့ဗ်က အင်တာဖက်စ် သတင်းဌာနသို့ ကြာသပတေးနေ့တွင် မှတ်ချက်ပေးပြောကြားခဲ့သည်။

ဂေါ်ဘာချော့ဗ်သည် ဥရောပအရှေ့ပိုင်းတွင် ကွန်မြူနစ်စနစ်ကို ဖျက်သိမ်းခဲ့သည့် ငြိမ်းချမ်းရေးဗိသုကာ တစ်ဦးဖြစ်သည်။ **အေပီ။**

ဗီယက်နမ်တွင် တရုတ်မှ မှောင်ခိုတင်သွင်းလာသည့် ကြောင်များဖမ်းဆီးရမိ

ဟန္နိုင်း ဇန်နဝါရီ ၂၉

ဗီယက်နမ်နိုင်ငံတွင် စားသုံးရန်အတွက် တရုတ်နိုင်ငံမှ မှောင်ခိုတင်သွင်းလာသည့် ကြောင်အကောင်ရေ ထောင်ပေါင်းများစွာကို ဟန္နိုင်းမြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ကြောင်သားကို ကျားသတ္တဝါ အငယ်စားအဖြစ် လူသိများပြီး အရသာရှိသည့် စားကောင်းသောက်ဖွယ်တစ်ခုအဖြစ် လူကြိုက်များလျက်ရှိသည်။ တာဝန်ရှိသူများက ကြောင်သားစားခြင်းကို တားမြစ်ထားသော်လည်း စားသောက်ဆိုင်ကြီးများတွင်မှာယူစားသုံးနိုင်သည်။

ကုန်တင်ကားကြီးအတွင်း ကြောင်အရှင် တန်ချိန်သုံးတန်ခန့်ကို ဟန္နိုင်းမြို့တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

"ဗီယက်နမ်ဥပဒေအရ ဖမ်းဆီးရမိတဲ့မှောင်ခိုပစ္စည်းတွေနဲ့ ကြောင်တွေကို ဖျက်ဆီးပစ်ရမှာပါ။ ဒါပေမဲ့အခုဒီကြောင်တွေကို ဘာလုပ်ရမှန်း မသိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီသတ္တဝါတွေရဲ့တန်ဖိုးက ကြီးမားတယ်လေ" ဟု အဆိုပါ ရဲအရာရှိက ဆက်လက်ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ကြွက်ကောင်ရေတိုးပွားမှုကိုထိန်းချုပ်ရန် ကြောင်များအား သတ်ဖြတ်စားသောက်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။သို့သော်လည်း ဟန္နိုင်းမြို့ရှိ အချို့သောစားသောက်ဆိုင်ကြီးများတွင် ကြောင်သားများ မှာယူစားသုံးနိုင်ပြီး ကြောင်မွေးထားသည့် ပိုင်ရှင်များက ကြောင်သူခိုးများရန်မှ ကြောက်ရွံ့သဖြင့် ၎င်းတို့၏ ကြောင်များကို အခန်းတွင်းထည့်ထားခြင်း သို့မဟုတ် ချည်နှောင်ထားခြင်းတို့ကြောင့် ဟန္နိုင်းမြို့လမ်းများတွင် ခြေဦးတည့်ရာ သွားလာနေသည့် ကြောင်များကို တွေ့ရခဲသည်။ **အေအက်ဖ်ပီ။**

ဂွါတာနာမိုအား ပြန်ပေးရန် ကျူးဘားက အမေရိကန်ကိုတောင်းဆို

ဟားဗားနား ဇန်နဝါရီ ၂၉

ဝါရှင်တန်နှင့် ဆက်ဆံရေးပုံမှန်ပြန်လည်ထူထောင်ခြင်းမပြုမီ ဂွါတာနာမို စစ်အခြေစိုက်စခန်းအား ပြန်လည်ပေးရန် ကျူးဘားနိုင်ငံက အမေရိကန်ပြည်ထောင်စုကို တောင်းဆိုခဲ့ကြောင်း ယနေ့ ရိုက်တာကဖော်ပြသည်။

ကော်စတာရီကာနိုင်ငံ၌ကျင်းပသော လက်တင်အမေရိကန်နှင့် ကာရစ်ဘီယံနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတရာအူးလ်ကက်စထရိုက မိန့်ခွန်းပြောကြားရာ၌ ယင်းသို့တောင်းဆိုသည့်အပြင် ကျူးဘားနိုင်ငံအား အကြမ်းဖက်စာရင်းမှပယ်ဖျက်ပေးရေး၊ အမေရိကန်၏ ကုန်သွယ်ရေးပိတ်ဆို့ခြင်းကိုရုတ်သိမ်းပေးရေးနှင့်ထိုသို့ပိတ်ဆို့ထားသည့်အတွက် လူမှုရေး၊ စီးပွားရေးထိခိုက်နစ်နာကြရသော ကျူးဘားပြည်သူများသို့ ဒေါ်လာသန်းရာပေါင်းများစွာ လျော်ကြေးပေးရေးတို့ကိုလည်း အရေးဆိုခဲ့သည်။

၁၉၆၁ခုနှစ်တွင် ပြတ်တောက်သွားခဲ့သည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးပြန်လည်ထူထောင်ရန်သဘောတူခဲ့ကြကြောင်း ပြီးခဲ့သောလက နှစ်နိုင်ငံလုံးကကြေညာခဲ့သည်။

ရိုက်တာ။

အာဖရိကသမဂ္ဂအစည်းအဝေးတွင် ဘိုကိုဟာရမ်ချေမှုန်းရေး ဆွေးနွေးမည်

အဒစ္စအဘာဘာ ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပမည့် အာဖရိကသမဂ္ဂခေါင်းဆောင်များ အစည်းအဝေးတွင် ဘိုကိုဟာရမ် စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် အဓိကထား ဆွေးနွေးကြမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ ဥက္ကဋ္ဌ နာကိုဆာဇာနာ ဒယ်လ်မီနီဇူးမား **(ယာပုံ)**က ပြောသည်။

"ဘိုကိုဟာရမ်တွေရဲ့အကြမ်းဖက်လုပ်ရပ်တွေဟာ ကျွန်မအဖို့ တုန်လှုပ်ခြောက်ခြားစေပါတယ်" ၎င်းက ဆက်လက်ပြောသည်။

ဘိုကိုဟာရမ်များ၏ လုပ်ရပ်များကို ကုလသမဂ္ဂအဖွဲ့များ၏ အကူအညီယူပြီး တိုက်ခိုက်ချေမှုန်းရန် အဖွဲ့ဝင်များကို အာဖရိကသမဂ္ဂဥက္ကဋ္ဌက တိုက်တွန်း ပြောကြားသော်လည်း နိုင်ဂျီးရီးယား အကြီးအကဲတစ်ဦးက ပြင်ပအကူအညီယူရန် မလိုအပ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

စစ်သွေးကြွများကို ချေမှုန်းရန် နိုင်ဂျီးရီးယားနှင့်အိမ်နီးချင်းနိုင်ငံများ၏ လက်နက်ကိုင် တပ်ဖွဲ့များဖြင့်သာလုံလောက်မှုရှိကြောင်းနှင့် အခြားပြင်ပအကူအညီ မလိုအပ်ကြောင်း အမျိုးသားလုံခြုံရေးအကြံပေး ဆန်ဘိုဒါဆူကီကဆိုသည်။ နိုင်ဂျီးရီးယားသည် ချဒ်နိုင်ငံအပါအဝင် အိမ်နီးချင်းများ၏ တိုက်ခိုက်ရေးအကူအညီပေးမှုကို ကြိုဆိုပါကြောင်းဖြင့် ၎င်းက ဆက်လက်ပြောသည်။

ဘိုကိုဟာရမ်များ၏အကြမ်းဖက်မှုများသည် အာဖရိကသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် နိုင်ဂျီးရီးယားနိုင်ငံအုပ်ချုပ်ရေးအဖွဲ့များကို အလွန်အမင်း ခြိမ်းခြောက်နေသည်။ နိုင်ဂျီးရီးယားအရှေ့မြောက်ဘက်ရှိပြည်သူထောင်ပေါင်းများစွာကို ကာကွယ်ရန်လိုအပ်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အာဖရိကဒေသဆိုင်ရာ ဒါရိုက်တာ နက်ဆာနက်ဘီလေးက ပြောသည်။ **ယူပီအိုင်။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ဆေးကုသမှုပေးနိုင်ရန် ဆေးကုသစရိတ် ကျပ်(၃၇)ဘီလီယံ လျာထား

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် **"၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း"** တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ် (၄၀၇ ဒသမ ၅)ဘီလီယံ၊ ငွေလုံးငွေရင်း (၃၄၉ ဒသမ ၉) ဘီလီယံ စုစုပေါင်း (၇၅၇ ဒသမ ၄) ဘီလီယံ တင်ပြထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းရန်ပုံငွေ၏ သုံးပုံနှစ်ပုံကို ပြည်သူများအား ဆေးဝါးကုသရေးအတွက် လျာထားပါကြောင်း၊ ဆေးရုံဆေးခန်းကို တိုက်ရိုက်တာဝန်ခံသည့် ကုသရေးဦးစီးဌာန၏ အသုံးစရိတ်ကိုကြည့်မည်ဆိုလျှင် လစာစရိတ်စသည့် Operating Cost သည် ၂၀ ရာခိုင်နှုန်း၊ ဆေးဝါးများထောက်ပံ့ရန်အတွက် ၂၈ရာခိုင်နှုန်း၊ ကုသမှုအတွက် စက်ပစ္စည်းများဝယ်ယူရန် ၂၀ ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံသည့် အဆောက်အအုံများတိုးချဲ့ရန် ၃၃ ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာနအတွက် ရန်ပုံငွေများ တင်ပြတောင်းခံရာတွင် အထူးအစီအစဉ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ဆေးကုသမှုပေးနိုင်ရန် ငွေစာရင်းခေါင်းစဉ် ဝ၃၁၆ ဆေးကုသစရိတ်သည် ကျပ် (၃၇) ဘီလီယံလျာထားပါကြောင်း၊ ဝန်ထမ်းအင်အား (၉)သိန်းကျော်ကို ပျမ်းမျှ လေးသောင်းနှုန်းဖြင့် တွက်ချက် တင်ပြထားပါကြောင်း၊ ဆေးကုသပေးရာတွင် ပြည်သူများကို အခမဲ့ဆောင်ရွက်ပေးသည့် Basic Package အပြင် ထပ်ဆောင်းအစီအစဉ် Benefit Package များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မြင့်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် သာမန်ရငွေ ကျပ်(၀ ဒသမ ၀၅၀) သန်း၊ သာမန်အသုံးစရိတ်ကျပ် (၇၇၄ ဒသမ ၉၇၀)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် (၄ ဒသမ ၄၀၀) သန်းဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က လုပ်ငန်းစဉ်(၆)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာနှစ် ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုတွင် ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းသည် ကျပ်(၄၄ ဒသမ ၀၄၉)ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးအသုံးစရိတ် ကျပ်(၃၃ ဒသမ ၇၁၃) ဘီလီယံ၊ စက်နှင့် စက်ပစ္စည်းအသုံးစရိတ် ကျပ် (၈ ဒသမ ၂၀၉) ဘီလီယံ၊ အခြားအသုံးစရိတ် ကျပ် (၂ ဒသမ ၁၂၆)ဘီလီယံဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထဲရေးဝန်ကြီးဌာန၏ ရငွေများအပိုင်းတွင် သာမန်ရငွေ၌ အခွန်လေးမျိုးကောက်ခံရရှိမှုမှ ရငွေကျပ် (၉၂၃ ဒသမ ၈၄၂)သန်းနှင့် သာမန်ရငွေကျပ် (၁၆ ဒသမ ၀၃၂)ဘီလီယံ၊ စုစုပေါင်း ရငွေကျပ် (၁၆ ဒသမ ၉၅၅)ဘီလီယံ လျာထားခြင်းဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းရငွေအနေဖြင့် လျာထားချက်မရှိပါကြောင်း။

သုံးငွေများအပိုင်းတွင် သာမန်အသုံးစရိတ် လျာထားငွေကျပ် (၂၄၁ ဒသမ ၉၆၈)ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားငွေကျပ် (၄၄ ဒသမ ၀၄၉) ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်တွင် မီးသတ်ဦးစီးဌာနအတွက် ကျပ်(၃၂ ဒသမ ၈၀၃)သန်းတို့ကို လျာထားခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း စာရင်းချုပ်အနေဖြင့် ဝန်ကြီးရုံး၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စသည့်ဌာနကြီးလေးခုအတွက် သာမန် အသုံးစရိတ်လျာထားချက် ကျပ်(၁၂၈၁၀ ဒသမ ၆၁၁)သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက် ကျပ် (၁၅၆၅ ဒသမ ၄၉၆)သန်းဖြစ်ပါကြောင်း၊ ကြွေးမြီအသုံးစရိတ်မရှိပါကြောင်း၊ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက် စုစုပေါင်းကျပ် (၁၄၃၇၆ ဒသမ ၁၀၇)သန်း ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဘဏ္ဍာရေးကော်မရှင်၏ စိစစ်ချက်ဖြင့် ဝန်ကြီးဌာနအတွက် အမှန်တကယ်သုံးစွဲမည့် လျာထားချက်ကိုသာ တင်ပြခြင်းဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဖေဖော်ဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁။	ကချင်ပြည်နယ်	ပူတာအို၊ ဖားကန့်၊ ကာမိုင်း
၂။	ကရင်ပြည်နယ်	သံတောင်
၃။	စစ်ကိုင်းတိုင်းဒေသကြီး	ခန္တီး၊ မြင်းမူ၊ ကန့်ဘလူ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း
၄။	ပဲခူးတိုင်းဒေသကြီး	ဒိုက်ဦး၊ အုတ်ဖို
၅။	မကွေးတိုင်းဒေသကြီး	ဆော၊ ကန်ပက်လက်၊ ငဖဲ၊ အောင်လံ
၆။	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ မြစ်သား
၇။	မွန်ပြည်နယ်	သံဖြူဇရပ်၊ ဘီးလင်း
၈။	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်၊ မာန်အောင်
၉။	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ
၁၀။	ရှမ်းပြည်နယ်	ရွာငံ၊ မိုင်းကိုင်၊ နမ့်ခမ်း
၁၁။	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လေးမျက်နှာ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်

လားရှိုး ဇန်နဝါရီ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက"အထွေထွေရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလကုန်နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် သတ်မှတ်ကြေညာထားကြောင်း၊ အခြေခံမဲဆန္ဒစာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် Online မှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် မဲဆန္ဒရှင်ပညာပေးခြင်း (Voter Education) ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပေးကြေညာချက်များ၊ ဗီဒီယိုဇာတ်လမ်းများကို ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကာတွန်းရုပ်ပုံများ ဖြန့်ဝေခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံဝန်ထမ်းများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို သိရှိပြီး ဥပဒေနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်နှင့် တိုင်းပြည်ဂုဏ်သိက္ခာအတွက် ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း"ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝမ်ကွယ်ကျင်းက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကိုးကန့်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအန်တိုနီစူက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

■



ပွဲယာဂု မီးပုံးသဘင် တွဲတပို့ နှဲလို့ဆင်သည်

ဝိသဇ္ဇက (ပဲခူး)

မြန်မာတို့၏ ဆယ့်နှစ်ရာသီပွဲတော်များအနက် ကုံရာသီဖြစ်သော တပို့တွဲလတွင် မီးပုံးပွဲ၊ ယာဂုထမနဲပွဲ ဆင်ယင်ကျင်းပကြပါသည်။ ရှေးခေတ် အခါသမယက ဗုဒ္ဓအားရည်စူးပြီး မီးပုံး(မီးမယ်ဖျူး) သဘင်ပွဲကို အလေးထား ကျင်းပလေ့ရှိခဲ့သည်မှာ ထင်ရှားသည်။

မီးပုံးပူဇော်ပွဲများသည် ယခုခေတ်ကာလမှ ပေါ်ပေါက်လာသည်မဟုတ်။ ရှေးဘုရင်များလက်ထက်မှ စတင်လာခဲ့ပါသည်။ ပါတော်မူပြီးနောက်တွင် အဆိုပါမီးပုံးပွဲကျင်းပသည့် ဓလေ့နည်းပါးခဲ့သည်။ ယာဂုထမနဲထိုးသည့်ဓလေ့ ခေတ်စားလာကြောင်းကို စာဆိုတစ်ဦး၏ ဆယ့်နှစ်ရာသီဘွဲ့တွင် အောက်ပါအတိုင်း ဖတ်ရှုရသည်။"ကုံရာသီတပို့တွဲလမို့ လွဲရှာပေ့ါနေနှစ်ဆူ။ ပွဲယာဂုလှူ ဗုဒ္ဓဂူ၊ အလှူတော်ယာဂုပွဲနှင့် လွဲပြီဗျလေး။"

တပို့တွဲလဟူသောအမည်သည် ဤလရာသီတွင် ဖူးကြသီးကြသော ထန်းပင်ကို အကြောင်းပြုကာပေါ်လာသည်ဟူ၏။ ထိုလတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့တွဲလောင်းကျအောင်ပြုလုပ်၍ ထန်းရည်နင်းသည်ကို အစွဲပြုကာ တပို့တွဲလဟု တွင်လာသည်ဆို၏။

ဤလတွင် ရက်ပေါင်း ၂၉ ရက်ရှိသည်။ နာရီအားဖြင့် နေ့ ၂၆ နာရီရှိပြီး ညဉ့် ၃၄ နာရီရှိသည်။ နေ့တာတို၍ ညတာရှည်သောလဖြစ်သည်။တပို့တွဲလကို ရာသီအလိုကုံရာသီခေါ်ဆိုသည်။ မာဃနက္ခတ်နှင့် စန်းယှဉ်ပြည့်လျက် သရဝဏ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကြသည်။ ချိန်တာရာထွန်းပသည်။ ရာသီရုပ်မှာ ရေထမ်းသမားဆင်းရဲသားပုံဖြစ်သည်။ မြန်မာလများတွင် ဧကဒသမမြောက်လဖြစ်သည်။

ဤလရာသီမှာ ထန်းဖိုပင်မှ ထန်းရည်စတင်ခံယူသော ထန်းဖိုဦးရာသီဖြစ်သည်။ ထန်းဖိုဦးရာသီတွင် ထန်းသမားတို့သည် ထန်းပင်ပေါ်သို့တက်၏။ ထန်းပြင်ခြင်းခေါ်သော ထန်းရည်ခံယူရန်အမှုကိစ္စကို ပြင်ဆင်ကြရသည်။

ထန်းလုပ်ငန်းကို ထန်းပင်ပေါသော မြန်မာနိုင်ငံမြေလတ်ပိုင်းဒေသတို့နှင့် အထက်အညာဒေသတို့တွင် အများအားဖြင့် လုပ်ကိုင်ကြ၏။ ထန်းရည်ကိုကျိုပြီး သကာရည်နှင့် ထန်းလျက်များထုတ်လုပ်ရရှိသည်။

"ထန်းရည်နှင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်၊ သရကာနှင့် ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ" ဟူ၍ ဦးကြင်ဥ၏ စာ၌ဆိုထား၏။ တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ပွင့်ကြသည်။ ပေါက်ပန်းကို ပေါက်ပင်ကပွင့်၍ လဲပန်းကို လက်ပံပင်ကပွင့်သော်လည်း လက်ပံပန်းဟုမခေါ်ဘဲ လဲပန်းဟုသာခေါ်ကြသည်။ ဆိုလိုသည်မှာ လက်ပံသီးမှလဲကိုရသောကြောင့် ဖြစ်၏။ "ရာသီချိန်ခါ ရောက်လို့လဲပေါက်ကယ်တဲ့ညီ၊ ရွှေဖိနံ့သာနှင့် ခြောက်ရောင်ဝါ စေတီရင်းမှာ လဆယ်စင်းလက်စုံကြူးဦးမြှောက်လို့ချီ" စာဆိုတော်ဖိုးသူတော်ဦးမင်းက တပို့တွဲလသဖြန်ဖြင့် ဖော်ပြထားသည်။

ဤလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုဒ်တွယ်၊ တပို့တွဲ၊ တပိုင်တွဲဟူ၍ အမျိုးမျိုးရေးထိုးထားသည်ကို တွေ့ရသည်။ကျောက်စာအချို့၌ တပိုဒ်တွယ်ဟု ဒုတိယအက္ခရာတွင်အောက်မြစ် ထည့်၍ရေးထိုးခဲ့သည်။ ထို့အတွက်ကြောင့် ပုဂံခေတ်၌ ရေးထိုးထားသော အရေးအသားကို မျက်မှောက်ခေတ်၌ ခေတ်ကာလရေးနည်း၊ ဖတ်နည်းအတိုင်း တပို့တွဲဟု ရေးကြဖတ်ကြခြင်းဖြစ်ချေသည်။

တပို့တွဲဟူသောဝေါဟာရ၌ပါသည့် ထ မှာ ထန်းကိုဟောကြောင်း ဖော်ပြခဲ့ပြီ။ ဦးဖိုးလတ်က "တပို့" မှာ ထန်းပိုးဖြစ်၍ ထန်းခိုင်ဟုအဓိပ္ပာယ်ပြုသည်။ "တွဲ" ကားမြန်မာစကားသက်သက်တွဲကျခြင်းကို ဟောသည်။ တပို့တွဲလဟူသည် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ တွဲကျအောင်ပြုလုပ်ခြင်းဖြစ်၍ ထန်းရည်နင်းလဟု အဓိပ္ပာယ်ရကြောင်း ဖွင့်ဆိုသည်။

ဝေါဟာရတ္ထပကာသနီကျမ်း၌ ဒုတိယကျော်အောင်စံထား ဆရာတော်က တပို့တွဲလမှာလယ်ယာလုပ်သားတို့ ထမ်းပိုးကို ဆွဲထားသည်ဟူသော အနက်မှ လာသည်ဟုဆိုသည်။ လေ့သင်းအတွင်းဝန်မင်းကမူ ဤအဆိုကိုပယ်၍ တပို့တွဲသည် ပါဠိသက္ကတ၌ရှိသော ပူပန်ခြင်းအနက်ရှိသည့် "တပါ" သဒ္ဒါမှ လာသည်ဟူ၍ လည်းကောင်း၊ "တပံ သူရိယာတပဋ္ဌာနံ ဓာဝယတိ ပလာယတိ" ဟူသော ဝိဂြိုဟ်ကိုထောက်၍ တပထာဝယပုဒ်မှလာ၍" နေပူရာ နေရောင်ပျို့ရာအရပ်သို့ ပြေးသွားစေတတ်"ခြင်းကို အစွဲပြု၍ ခေါ်သည်ဟူ၍လည်းကောင်း ဖွင့်ဆိုသည်။ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရ၏ ဗျုပ္ပတ်ကို ရှာရာ၌ မြန်မာစကားသက်သက်ကိုအခြေခံ၍ ကြံဆခြင်းဖြစ်သကဲ့သို့ လေ့သင်းအတွင်းဝန်မင်းက သက္ကတနှင့် ပဋိဂတိကိုလိုက်၍ ကြံဆခြင်းဖြစ်သည်ဟု ယူဆရာသည်။

တပို့တွဲလတွင် အအေးဓာတ်လွန်ကဲမှုကြောင့် ဘုရားရှင်သော်မှ မီးလင်းဖိုမီးမယ်ဖျူးတွင် ရွှေလက်တော်များကင်၍ နွေးစေရကြောင်းကို--

"ရွှေယုဂန် နန်းညိုမြကာ၊ စန်းခိုစလျံလူ . . .၊
ချမ်းဆိုသမျှ စံမတူသည်၊ သယမ္ဘူသော်မှ . . .၊
မီးမယ်ဖျူး ရွှေလက်ကင်သည်၊
ရေစက်သွင်အေးတဲ့သည်လ"ဟု စာဆိုတော်ကြီးဦးကြော့က ဖွဲ့ဆိုထားပါသည်။ ပူဇော်မီးဖုံး၊ ရွှင်ပြုံးရဲလျှံ ဟူသော စကားစဉ်ဆိုရာတွင် ပါဠိဘာသာ၌ အဂ္ဂိရ ပလ္လရှိသည်ကို ယခုအခါ မီးအိုးကင်း၊ မီးမယ်ဖူးစသည်ဖြင့် မြန်မာပြန်ကြပါသည်။ ပုဂံမင်စာတို့တွင် မီးပုံးဟုပြန်ဆိုသည်ကို တွေ့ရသည်။

ဘုရားရှင်သည် မီးလှုံခြင်းကို ခွင့်ပြုတော်မမူပါ။ မီးလှုံခြင်း၏ အပြစ်ငါးပါးကိုပင် ပဋ္ဌာဂ္ဂိတ္တရပါဠိတော်၌ ဟောကြားတော်မူခဲ့ပါသည်။ သို့ရာတွင် အအေးဒဏ်ကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအား ဆောင်းနှောင်းနွေကူးရာသီတွင် မီးအပူငွေ့ကိုပေးရန်လိုအပ်ပါက တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလဆန်းအစလေးရက် ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း ခွင့်ပြုခဲ့သည်။ ထိုရက်ကို အန္တရဋ္ဌရက်ဟူ၍ အဋ္ဌကထာ ဆရာတို့က ဖွင့်ဆိုပါသည်။

ညီတော်အာနန္ဒာသည် ဘုရားရှင်အား ဒုကုဋ်သက်န်းကို တစ်ခုသော တပို့တွဲလပြည့်နေ့၏ ညဉ့်နှစ်ချက်တီးကျော်အချိန်တွင် လွှမ်းတင်ပေးတော်မူခဲ့ရသည်။ ဤသည်ကိုအစွဲပြု၍ ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားစေတီပုထိုးများရှေ့၌ စန္ဒကူးအကျော်နံ့သာစသည်တို့ကို မီးရှို့ကာ အနွေးဓာတ်ဆက်ကပ်လှူဒါန်းလေ့ အစဉ်အလာရှိခဲ့ပါသည်။ တစ်နည်းအားဖြင့် မီးပုံပွဲတော်ကျင်းပပြုလုပ်၍ ပူဇော်ကြခြင်းဖြစ်ပါသည်။

ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီလေးဆစ်သဖြန်တွင်-

ငွေသော်တာကြယ်မာဃငယ်နှင့် . . .
ထွန်းလျှံပပြည့်ခါညီ၊ ပြာရီလဲ့မြူခိုး
ယာဂုပွဲကိုတဲ့၊ လှူမြဲအလွန်ရွှင်လို့ . . .
ခုနစ်စဉ်တာရာလျှမ်းသည်နှင့်၊
ဆူးပန်းတွေဝေဝေပွင့်ကြတယ်၊
ထူးတင်မည့်ျိုး. . . ဟူ၍ တပို့တွဲလတွင် ယာဂုပွဲအလှူပြုလုပ်ကြောင်း စပ်ဆိုခဲ့ပါသည်။

မြန်မာအစားအစာတစ်မျိုးဖြစ်သည့် ထမနဲသည် ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်း စသည်တို့ဖြင့် စီမံပြုလုပ်ထားသော ချိုဆိမ့်မွှေးသည့် အာဟာရဖြစ်သည်။ ကောက်ညှင်းကို ထပ်ပြန်တလဲလဲ ဗုံပတ်စာများနှဲ့ဘိအလား နှဲ့ရသောကြောင့် ထမနဲ့ဟု အဓိပ္ပာယ်ရှိရှိ မှည့်ခေါ်သူလည်းရှိသည်။ ခေတ်ကာလအလျောက် စကားပြောသံအတိုင်း ထမနဲဟုပင်ရေးသားကြ၏။ နှမ်းဆီနှင့်နှမ်း နိုင်နိုင်ထည့်ရသည်ကို အကြောင်းပြု၍ နှမ်းမနဲဟုလည်း အမည်တစ်မျိုးတွင်သေး၏။ အချို့အရပ်ဒေသများတွင် ထမနဲကို ယာဂုဟူ၍ ခေါ်ဝေါ်ကြသည်။ ယာဂုကျိုသည်ကို ယခုခေတ်တွင် ထမနဲထိုးသည်ဟု ခေါ်ဆိုနေကြသည်။

ထမနဲပွဲမှာ အခြားသောပွဲတော်များထက်ထူးခြား၏။ ကုသိုလ်ရရေးထက် ကျန်းမာပျော်ရွှင်ရေးကို အဓိက ဦးတည်ချက်ထားခြင်းဖြစ်သည်။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုစကားအရ အေးမြသော ဟေမန္တဥတုတွင် ထမနဲသည် ဆေးဘက်ဝင်သော အစာဖြစ်သည်ဟု ရှေးမြန်မာဆေးပညာရှင်ကြီးများက ဆိုခဲ့ကြသည်။ ထမနဲသည် ဆီနိုင်ပြီး အပူစာချည်းလိုလို ပါဝင်သောအစာဖြစ်ခြင်း၊ တပို့တွဲလသည် အလွန်အေးမြပြီး အဆီခြောက်ခန်းချိန်ဖြစ်ခြင်းတို့ကြောင့် ဆီနိုင်သည့်အပူစာ ထမနဲကိုသုံးဆောင်ခြင်းဖြင့် အသားအရေစိုပြည်၏။ အပူဓာတ်ရလာနိုင်သည်ဆို၏။ ပထဝီပျက်သူများ ထမနဲစားသင့်သည်ဆို၏။ ရှေးမြန်မာကြီးများကလည်း နှာရည်ယိုရွဲ တပို့တွဲလတွင် ထမနဲကို ဆေးပညာရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကျန်းမာရေးအတွက် တပို့တွဲလ၏ ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။ ထမနဲထိုးနည်းသည်လည်း အမျိုးမျိုးရှိခဲ့ပါသည်။ မိမိတို့ကြိုက်နှစ်သက်ရာနည်းများဖြင့် ထိုး၍ လှူဒါန်းကြပါသည်။ ထိုအထဲတွင် ထမနဲထိုးနည်း နိဿရည်းဟုဆိုသင့်လှသည့်-

". . . . တစ်စိတ်ဆန်သည် ကောက်ညှင်းကိုလ၊
တစ်ပိဿာဆီကို သွင်းတယ်၊
ချင်းကသုံးဆယ်၊ အုန်းသီးကလည်းကောင်းနှယ်၊
နှမ်းရယ်ကတစ်ခွက်ပဲ၊ မြေပဲမှာအတူဟာမို့၊
နမူနာအစဉ်ဖြစ်စေဖို့၊
ဆန်ပေါ်မှာ ရေနှစ်သစ်ကယ်နှင့်၊
ဆားချိန်တစ်ဆယ်ဖြစ်တယ်၊
ထိုးစနစ်ထမနဲ"ဟု မန်လည်ဆရာတော်ကြီးက ကဗျာပေါင်းချုပ်ကျမ်းစာတွင် မှတ်တမ်းတင်ထားပါသည်။

၁၂၂၈ ခုနှစ် စားတော်ချက်ပေမူတွင် ကောက်ညှင်းဆန်တစ်ပြည်ကို ညဦးကရေစိမ်၊ မိုးသောက်လျှင် ရေနှင့်ချက်၊ ဆားနှစ်ကျပ်နှစ်မတ်၊ ဆီနှစ်ဆယ်၊ ချင်း၊ ကြက်သွန် တတ်အားသမျှထည့်၊ ဆီငါးကျပ်သားကို အလျင်ကျက်အောင်ချက်ပြီးမှ ထည့်၊ ဆီမကျက်လျှင် စိမ်းစော်နံမည်ဟူ၍လည်း အမတာယာဂုထမနဲကျိုနည်းကို ဖော်ပြလိုက်သည်။

"ချမ်းချက်လွန်ကဲ၊ တပို့တွဲဟု
မြူရွှံရောင်ပ၊ ပြည့်သည့်လဝယ်
ပွဲမအရံ၊ လုံးစုံသံဃာ၊ စည်းဝေးရာ၌
ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်း". . . ဟူ၍ ကိုးခန်းပျို့တွင် ရှင်မဟာရဋ္ဌသာရ အရှင်မြတ်က မြတ်ဘုရားရှင် ဩဝါဒပါတိမောက်တရားဟောကြားသည်ကို ဖွဲ့ဆိုခဲ့ပါသည်။

ဩဝါဒပါတိမောက်တရားကို မဟာသက္ကရာဇ် "၁၀၃" ခုနှစ် တပို့တွဲလပြည့်နေ့ ညဉ့်ဦးယံအခါတွင် ဟောကြားခြင်းဖြစ်သည်။

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် အရိယာရဟန္တာမြတ် တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ ခြံရံလျက်ရှိနေစဉ် ဥရုဝေလကဿပ စသည့် ရသေ့ညီနောင်ဖြစ်သော ရဟန္တာမြတ်များ စုံလင်စွာဖြင့် ပထမဆုံးအချိန်ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ဘုရားရှင်တို့ ဓမ္မတာသုံးဆယ်ရှိကြောင်းကို ကျမ်းဂန်များတွင် ရှေးဆရာတို့က ပြဆိုထားပါသည်။ ထိုဓမ္မတာသုံးဆယ်တွင် ဓမ္မတာတစ်ရပ်မှာ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို အင်္ဂါလေးရပ်နှင့်ပြည့်စုံသော အစည်းအဝေး၌သာ ဟောတော်မူလေ့ရှိခြင်းဖြစ်ပါသည်။ ထိုရက်၊ ထိုအခါသည် တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ ဆဠာဘိညပဋိသမ္ဘိဒါ ရဟန္တာများဖြစ်ခြင်း၊ မည်သူမျှပင့်ဖိတ်သူမရှိဘဲ အစုံအလင်ကြွရောက်စုဝေးမိခြင်းဟူသော လေးပါးသောအင်္ဂါရပ်များနှင့် ပြည့်စုံနေပါသည်။

သာသနာ့သမိုင်းတွင် ဥဒါန်းတွင်မည့် "ခန္တီပရမံ တပေါတိတိက္ခာ" အစရှိသည်တို့ဖြင့် ဟောကြားတော်မူလေသည်။ မကောင်းမှုဟူသမျှကို ပယ်ကြလျက် ကောင်းမှုဟူသမျှတို့ကို ဆည်းပူးကြပါ။ မိမိတို့၏ စိတ်ကို ဖြူစင်စွာဖြင့် မေတ္တာထားကြပါမှ အပါယ်ဘေးမှ ကင်းဝေးစေမည်ဟူသော တရားတို့ပင်ဖြစ်သည်။

တပို့တွဲလပြည့်နေ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်က မြတ်ဘုရားရှင်သည် သာသနာတော်ကြီး တည်တံ့ထွန်းလင်းတောက်ပစေရန်အတွက် ဩဝါဒပါတိမောက်တရားတော်မြတ်ဖြင့် မိန့်ကြားဆုံးမတော်မူခဲ့ပါသည်။ ။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းဦးဆောင်သော မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့အခြေပြု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံး (UNODC)မှ တာဝန်ခံကိုယ်စားလှယ်များနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရန်ကုန်မြို့အခြေပြု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ Acting Country Manager Mr.Jochen Wiese တို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးဌာန ဌာနမှူး ရဲမှူးကြီးမြင့်အောင်က မူးယစ်ဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(မူးယစ်ဗဟို)**

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း ဖွင့်လှစ်

မော်လမြိုင် ဇန်နဝါရီ ၂၉

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်ခြောက်မြို့နယ်မှ မွေး/ကု ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ကျေးလက် လူငယ်စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းကို ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက် အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ပြည်သူ့လွှတ်တော်အစည်းအဝေး

တိုးပွားလာသည့် လူဦးရေ၊ ပြောင်းလဲလာမည့် လူနေမှုစနစ်တို့အပေါ် ရည်ရွယ်လျက် အနာဂတ်မြို့ပြ Plan အား ရေးဆွဲထားခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **“မြို့နယ်များတွင် ဖွဲ့စည်းပုံအရ လိုအပ်နေသော ဥပဒေဝန်ထမ်းများအား တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်မှန်ကန်စွာ ထိန်းကျောင်းနိုင်ရန်အတွက် အပြည့်အဝခန့်ထားပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေအရာရှိအဆင့်-၄ များကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များတွင် ဥပဒေအရာရှိအဆင့် ၄ ဦးရေ (၁၀၀) စီ ခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် ဥပဒေအရာရှိအဆင့်-၄ ဦးရေ (၁၅၀) စီခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်ငါးနှစ်အတွင်း ဥပဒေအရာရှိအဆင့်-၄ ဦးရေ(၆၀၀)ခန့်ထားပြီး ဖြစ်ပါကြောင်း။

ထိုသို့ဥပဒေအရာရှိများ ဖြည့်တင်းခန့်ထားခဲ့သော်လည်း ဒု-မြို့နယ်ဥပဒေအရာရှိ ဖွဲ့စည်းပုံ ခွင့်ပြုအင်အားတွင် ၂၂၉ ဦး လျော့နည်းနေဆဲဖြစ်ပါကြောင်း၊ ရေးမြို့နယ်ဥပဒေရုံးတွင် မြို့နယ် ဥပဒေအရာရှိတစ်ဦးတည်းသာ ခန့်ထားနိုင်ခဲ့ပါကြောင်း၊ ရေးမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်အထိ လက်ကျန်အမှု(၂၇)မှုရှိသဖြင့် မြို့နယ်ဥပဒေအရာရှိတစ်ဦးအနေဖြင့် အမှုလိုက်ပါဆောင်ရွက်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခန့်ထားခဲ့သည့် ဥပဒေအရာရှိအဆင့်-၄ ဦးရေ(၁၅၀)သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်မှ သင်တန်းဆင်းလာသဖြင့် ဥပဒေအရာရှိ အဆင့်-၄ များကို လစ်လပ်လျက်ရှိသည့် နေရာများတွင် ဖြည့်တင်းခန့်ထားခဲ့ရာ ရေးမြို့နယ် ဥပဒေရုံးတွင်လည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ဒုတိယ မြို့နယ်ဥပဒေအရာရှိတစ်ဦး ခန့်ထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခန့်ထားသည့် ဥပဒေအရာရှိအဆင့်-၄ ဦးရေ (၁၅၀) သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် သင်တန်းတက်ရောက်လျက်ရှိသောကြောင့် သင်တန်းပြီးဆုံးချိန်တွင် လစ်လပ်လျက်ရှိသည့် ဥပဒေအရာရှိအဆင့်-၄ ရာထူးများကို ဖြည့်စွက်ခန့်ထားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **“၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေအရ လယ်ယာမြေများကို လယ်သမားများလက်သို့ ပြန်လည်လွှဲအပ်ရန်နှင့် လ/န (၃၉)ခွင့်ပြုမိန့် မကျသေးသော နှစ်နာသူလယ်သမားများအတွက် မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအာဏာတည်ဆဲအချိန်ကာလက လယ်ယာမြေကို မြို့သစ်စီမံကိန်းမြေအဖြစ် ပြောင်းလဲသတ်မှတ်ရန် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုလမ်းညွှန်ချက်အရ ဆောင်ရွက်ခဲ့ခြင်းသည် အခွင့်အမိန့်အရ ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ထိုအချိန်ကာလက မူလလက်ငုတ် လယ်သမားများသည် လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ကိုသာ ရရှိခဲ့ကြခြင်းဖြစ်ပြီး လယ်ယာမြေ ပိုင်ဆိုင်ခွင့်မရှိခြင်း၊ ရန်ကုန်မြို့၏ တိုးပွားလာသည့် လူဦးရေ၊ ပြောင်းလဲလာမည့် လူနေမှုစနစ်တို့အပေါ် ရည်ရွယ်လျက် အနာဂတ်မြို့ပြ Plan အား ရေးဆွဲထားခြင်းဖြစ်ပါသဖြင့် ပြန်လည်လွှဲအပ်ရန် အစီအစဉ်မရှိပါကြောင်း။

လ/န (၃၉)ခွင့်ပြုမိန့် မကျသေးသောမြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက နစ်နာသူလက်ငုတ်လယ်သမားများကို စီမံကိန်းဆောင်ရွက်ထားရှိသည့် အခြေအနေပေါ်မူတည်ပြီး ထိုက်သင့်မျှတသော အကျိုးခံစားခွင့်တစ်ရပ်ရရှိအောင် ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်က **“ယနေ့လက်ရှိ အခြေအနေတွင် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့တခြား ပိုမိုဆိုးရွားလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီးနိုင်ရေးအတွက် တာဝန်ရှိပြည်ထောင်စုမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပံ့ပိုးပေးနိုင်မည့် ဒေသန္တရရပ်ကွက်၊ ကျေးလက် မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံတော်မှ ဦးဆောင်ဖွဲ့စည်းပေး၍ တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းရာ ဖားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေဟွာ ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၀ အရ “မည်သူမဆို အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် မိမိ၏ ရှေ့မှောက်၌ ပြစ်မှုကျူးလွန်နေသည်ကို တွေ့ရှိသည့်အခါ ရှာဖွေအမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းပြုနိုင်သည်။ ထိုသို့ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ စနစ်တကျလွှဲအပ်ရမည်။ ရဲတပ်ဖွဲ့ဝင် မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျချက်ချင်းလွှဲအပ်ရမည်” ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ခြင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင်များကို ပေါင်းစပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ပြီးဖြစ်ခြင်းနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်သောကြောင့် ဒေသန္တရရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် မလိုအပ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကို အသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **“နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သည့်အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ (၅)နှစ်စီမံကိန်းတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းအဖွဲ့များမှ အသေးစိတ်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တားဆီးနှိမ်နင်းရေးစီမံချက်များဖြင့် ဒေသအလိုက် အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခြင်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်ရှေ့လုပ်ငန်းစဉ် (၇) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ယင်းအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကို အသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအား ပြန်လည်ကြားနာဆောင်ရွက်ရန်ဆုံးဖြတ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း (၃) ခုမေးမြန်းဖြေကြားခြင်းနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦး၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံကြီးများတွင် ဆေးရုံတက်လူနာများအသုံးပြုနေသည့် အောက်ဆီဂျင်အိုးများ လုံလောက်စွာ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ခွင့်ပြုချက်ရရှိပြီးပါက ပြည်သူ့ဆေးရုံကြီးများတွင် Oxygen plant ထားရှိမည့် အဆောက်အအုံများ အမြန်ဆုံးဆောက်လုပ်၍ Oxygen plant စက်များ တပ်ဆင်အသုံးပြုသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်က လူဦးရေ တိုးပွားနှုန်းသည် လူဦးရေပေါ်လစီနှင့် ကိုက်ညီရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် ပေါ်လစီများ ချမှတ်ရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လူဦးရေ ပေါက်ကွဲသည့် နိုင်ငံကြီးများအကြားတည်ရှိနေသည့်အတွက် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းအစား လူဦးရေတိုးပွားနှုန်းထိန်းချုပ်ခြင်းအဆင့်ထိ ဥပဒေပြဋ္ဌာန်းရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း ပုဒ်မ-၂၊ပုဒ်မ-၃၊ ပုဒ်မ ၆၊ ပုဒ်မ - ၁၂ (င)တို့အား ပြင်ဆင်ဖြည့်စွက်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇုန်လှယ်ထန်းက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေအား လောလောဆယ်ပြဋ္ဌာန်းရန် မသင့်တော်သေးကြောင်း အကြံပြုဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြင့်နိုင်က လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေအား လုံလောက်သောအချိန်ရယူပြီး အဘက်ဘက်မှ သေချာစွာ လေ့လာသုံးသပ်ပြီးမှသာ ပြဋ္ဌာန်းသင့်၊ မပြဋ္ဌာန်းသင့်ကို ဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင့်စိုးက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအရ ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်ပေးသူများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များအား တားဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ လိုက်ပါပူးပေါင်းဆောင်ရွက်လိုခြင်းမရှိသူများ ပေါ်ပေါက်လာပါက စည်းနှောင်မည့် ပုဒ်မများ မပါရှိကြောင်း တွေ့ရှိရသည့်အတွက် ပြစ်မှု၊ ပြစ်ဒဏ် သတ်မှတ်ချက်များ လိုအပ်ပါက ထည့်သွင်းရန် သင့်၊ မသင့် စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဂျေယောဝူက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအား ကန့်ကွက်ဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က ထောက်ခံဆွေးနွေးကြရာ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီတွင် ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။**(သတင်းစဉ်)**

မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး တက်ရောက်ရန်
ဒုတိယသမ္မတဦးဉာဏ်ထွန်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒုတိယသမ္မတဦးဉာဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ရန်ကုန်လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

❋ ဒုတိယသမ္မတမှ

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယွတ်ချန်အိုချာအား မွန်းလွဲ ၂ နာရီတွင် ဗန်ကောက်မြို့ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးမျိုးအောင်၊ ဒေါက်တာမောင်မောင်သိမ်း၊ ဦးစိုးတင့်၊ ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်း နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး၊ ပို့ဆောင်ရေး ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိသော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အိမ်နီးချင်းနိုင်ငံအနေဖြင့်သာမက ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးသည် နှစ်ဖက်နယ်စပ်ဒေသ ပြည်သူများ၏ လူနေမှုဘဝကို တိုးတက်စေမည်ဖြစ်သည့်အတွက် နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသအာဏာပိုင်များအကြား ညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နယ်မြေသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှ ဆက်သွယ်ပေးမည့် မဟာမဲခေါင် တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်တံခါးပေါက်အဖြစ် တည်ရှိသည့်အတွက် မဟာဗျူဟာကျသည့်နေရာတွင် ရှိပါကြောင်း။

မဟာမဲခေါင်ဒေသတောင်ဘက် စီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဗန်တောင်းမှအစပြု၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်၊ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မှတစ်ဆင့် မြန်မာနိုင်ငံထားဝယ်ဒေသအထိ ရောက်ရှိမည့်စီးပွားရေးစင်္ကြံဖြစ်သည့်အတွက် မိမိတို့နိုင်ငံအားလုံး ကူးလူးဆက်သွယ်ပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အားထားနိုင်မည့်လမ်းကြောင်း ဖြစ်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအောင်မြင်စေရန် ပူးတွဲအဆင့်မြင့်ကော်မတီကို ပူးတွဲဥက္ကဋ္ဌအဖြစ် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအောင်မြင်ရန်အတွက် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့သော်လည်း စီမံကိန်းဆိုင်ရာ ဘဏ္ဍာငွေမလုံလောက်မှုကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ရပါကြောင်း၊ စီမံကိန်းကြီးအတွက် ဘဏ္ဍာငွေအကူအညီပေးမှုဆိုင်ရာ အကောင်းဆုံးနည်းလမ်းများကို ထိုင်းနိုင်ငံအစိုးရအနေဖြင့် အဆိုပြုပေးစေလိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပါဝင်ရင်းနှီးမြှုပ်နှံရေးနှင့် ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်တွေ့ဆုံခဲ့ရာတွင် ဝန်ကြီးချုပ်အနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပါဝင် ရင်းနှီးမြှုပ်နှံရေးအတွက် ဆွေးနွေး ခဲ့ကြောင်း သိရှိရသည့်အတွက် ကြိုဆိုပါကြောင်း၊ ကမ္ဘောဒီးယားနယ်စပ်မှ မြန်မာနယ်စပ်အထိ ဂျပန်-ထိုင်းပူးတွဲဖောက်လုပ်မည့် ရထားလမ်းကွန်ရက်စီမံကိန်း၏ အဆက်အဖြစ် ထားဝယ်အထိဖောက်လုပ်နိုင်မည့် ဖြစ်နိုင်ခြေနှင့်အလားအလာများကိုလည်း ဂျပန်နိုင်ငံနှင့် ဆွေးနွေးသွားစေလိုပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး နယ်စပ်တစ်လျှောက် မကြာခင်က မူးယစ်ဆေးဝါး တရားခံများ ဖမ်းဆီးရရှိမှုသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်ဖက်တာဝန်ရှိသူများအကြား မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများ တားဆီးတိုက်ဖျက်ရေး၏ အောင်မြင်မှုများကို ဖော်ပြနေခြင်း ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံတွင်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်ပြီး နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးမှုနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ထိုင်းနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေး အာမခံချက်များ ရရှိစေရန် ထိုင်းလုပ်ငန်းရှင်များကို တိုက်တွန်းပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး စိုက်ပျိုးရေးနှင့်ရေထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၆ ခုနှစ်ကို ထိုင်းနိုင်ငံ ရိုးရာခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသည့်အတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ခရီးသွားကဏ္ဍကိုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် မြန်မာနိုင်ငံရှိ အထူးဇုန်များတွင် ထိုင်းနိုင်ငံမှစီးပွားရေး လုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ သောင်းရင်းမြစ် မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေထိန်းနံရံများ တည်ဆောက်နိုင်ရန်အတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသဖြစ်သည့် မြဝတီ- မဲဆောက်ဒုတိယမြောက်ချစ်ကြည်ရေး တံတားတည်ဆောက်ရေးအတွက် ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဒုတိယဝန်ကြီးများသည် ဗန်ကောက်မြို့ Four Seasons Hotel တွင် ပြုလုပ်သည့် မြန်မာ- ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကြိုကနဦးစီမံကိန်းများ ဆောင်ရွက်မည့် အစီအစဉ်များ၊ ပင်မစီမံကိန်း အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသို့ ဂျပန်နိုင်ငံမှ ပါဝင်လာနိုင်မှုအခြေအနေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံချက် (Master Plan) ရေးဆွဲနေမှုအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ရောက်ရှိပြီး သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံး တို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

❖ ကျိုင်းတုံမှ

ထောက်ပံ့ပစ္စည်းများပေးအပ်ပြီးနောက် တာဝန်ရှိသူများက ကျိုင်းတုံ၊ မိုင်းပြင်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် တာချီလိတ်စသည့် နယ်အသီးသီးမှ လာရောက်ယှဉ်ပြိုင်သော လားဟူတိုင်းရင်းသားများ၏ ရှေးရိုးရာ ဘူးပလွေမြေဝိုင်းအကနှင့် ခေတ်ပေါ်အက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အဖွဲ့မှ ဘူးပလွေမြေဝိုင်းအကနှင့် ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ တက်ရောက်လာသူများက လားဟူတိုင်းရင်းသားများနှင့်အတူ ရိုးရာအကဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းနောက် လားဟူတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လားဟူတိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၄ ခုနှစ် မြင်းနှစ်မှ ယခုနှစ် ၂၀၁၅ ခုနှစ် သိုးနှစ်သို့ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာ ရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေထွက် အသီးအနှံများနှင့် ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျားကို ပါဝင်လှူဒါန်းဆောင်ရွက်မှု ပြုလုပ်ကြသည့်ပွဲတော်ကြီးတစ်ခုဖြစ်သည်။ လားဟူတိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကို အမှီပြု၍ ကျိုင်းတုံခရိုင်တွင် အများဆုံးနေထိုင်သော လားဟူအနက် မိုင်းဆတ်မြို့နယ်တွင်အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ လားဟူအဖြူနှင့် လားဟူကျိုင်းရှီးဟူ၍ မျိုးနွယ်စု ငါးစုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၂၀ ကျော်အထိရှိခဲ့သည်။၎င်းတို့၏ အထိမ်းအမှတ်မှာ ဘူးပုလွေဖြစ်ပြီး လားဟူတို့၏ ထင်ရှားသောအကမှာ ကာခေ့ပွဲဟုခေါ်သော မြေဝိုင်းအကဖြစ်သည်။ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားပြီး ထင်းရှူးပင်ကို ဝိုင်းပတ်၍ တီးမှုတ်ကာကရသော အကတစ်မျိုးဖြစ်သည်။ နှစ်သစ်ကူးတွင် "ဩောပုတ်တေလေမော်ဒါအောလေး" ခေါ်ပုတ်ထောင်းရင်း ဆုံစည်းကြမယ် အဓိပ္ပာယ်ရသော သီချင်းကို သီဆိုလေ့ရှိသည်။ ထူးခြားသောယဉ်ကျေးမှု အစီအစဉ် တစ်ခုမှာ သက်ကြီးဝါကြီးပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေး မင်္ဂလာခံယူခြင်းဖြစ်သည်။

အဆိုပါနှစ်သစ်ကူးပွဲတော်တွင် ပွဲကျင်းပရေးကော်မတီ(ဗဟို)ဥက္ကဋ္ဌ ဦးအားလုံက "မြန်မာနိုင်ငံတွင် သုည ဒသမ ၁ ရာခိုင်နှုန်းရှိ တိုင်းရင်းသားလူမျိုးများကို တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် တစ်ဦးရွေးချယ်ခွင့်ရရှိကြောင်း၊ ဝန်ကြီးက မိမိလူမျိုးများ ဇာတိနေထိုင်ရာ အရပ်တို့ကို လေ့လာဖော်ထုတ်ပြီး လွှတ်တော်မှာ တင်ပြခွင့်၊ တောင်းဆိုခွင့်ရရှိထားသည့်အတွက် မိမိလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာများကို မပျောက်ပျက်အောင် ထိန်းသိမ်းခွင့်၊ ဖော်ထုတ်ခွင့်ရရှိလာသည့်အခြေအနေကြောင့် မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသော၊ လားဟူလူမျိုးများကို ပြန်ကြည့်သည့်အခါ ရှမ်းသုံးရှမ်းတို့တွင် နေထိုင်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခင်ကာလများက လားဟူတိုင်းရင်းသားများအနေဖြင့် နှစ်သစ်ကူးပွဲတော်များကို တောင်ပေါ်ဒေသများတွင်သာ တစ်မိသားစုအတွင်းဖြစ်စေ၊ တစ်ရွာချင်းဖြစ်စေ တစ်ကွဲတစ်ပြားကျင်းပလာခဲ့ကြရာမှ ၂၀၀၃ ခုနှစ်မှ စတင်ကာ ရှမ်းပြည်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတွင် မှီတင်းနေထိုင်သော လားဟူတိုင်းရင်းသားများအားလုံးစုပေါင်းကာ နှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့တွင် ဆင်ယင်ကျင်းပလာခဲ့ရာ တတိယအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ပွဲကျင်းပရခြင်းကြောင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီသည့်ထုံးတမ်းစဉ်လာများကို ခင်းကျင်းပြသခွင့်၊ ဖော်ပြခွင့်ရသည့်အတွက် လူမျိုးတစ်မျိုး၏ တန်ဖိုးထားတတ်မှုကို အခြားလူမျိုးများက လေ့လာခွင့်၊ သိရှိမှတ်သားခွင့် ရရှိသည့်အတွက် ဒေသနေ တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပိုမိုခိုင်မြဲလာကြောင်း၊ နိုင်ငံတော်မှ ချမှတ်သည့် မူဝါဒလုပ်ငန်း စဉ်များကို ပူးပေါင်းဆောင်ရွက်ရာမှာလည်း ပိုမိုပြီးအောင်မြင်မည်ဟု ယူဆသည့်အတွက် နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း ပြောသည်။

ပွဲတော်သို့ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ သတင်းမီဒီယာများ စုံလင်စွာ တက်ရောက် ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

❍ အာရှချန်ပီယံလိဂ်မှ

ပွဲစဉ်ရေးဆွဲထားမှုအရ ပထမအဆင့်တွင် အသင်းလေးသင်းပါဝင်ပြီး ရတနာပုံနှင့် ဝါရီယာ၊ ဂျိုးဟိုးဒါရူး(မလေးရှား)နှင့် ဘင်ဂါလာရူး(အိန္ဒိယ) တို့ တွေ့ဆုံနေကာ တစ်ကျော့တည်း ကစားပြီး အနိုင်ရသောအသင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ ပထမအဆင့်တွင် အနိုင်ရခဲ့ပါက ဒုတိယအဆင့်တွင် တရုတ်ကလပ် ကွမ်ကျိုး R&F အသင်းနှင့်ထပ်မံကစားရမည်ဖြစ်သည်။ ယင်းအဆင့်ကို ကျော်ဖြတ်နိုင်ပါက တတိယအဆင့်တွင် ဩစတြေးလျကလပ် မာရီနာအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ ယခင်က AFC President's Cup ပြိုင်ပွဲကို နှစ်ကြိမ်တိုင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၂၀၁၀ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည်အထိ အောင်မြင်မှုရရှိခဲ့သည်။

ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသောကြောင့် အသင်းကို ပြင်ဆင်မှုများစွာ ပြုလုပ်ထားပြီး လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲတွင် သုံးပွဲကစားရာ၌ခုနစ်မှတ်ရရှိထားသည်။

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ဝင်ဖြစ်ရေး ကွန်ဖရင့်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့(Open Government Partnership-OGP) သို့ မြန်မာနိုင်ငံမှ ဝင်ရောက်နိုင်ရေးအတွက် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ဝင်ဖြစ်ရေး ကွန်ဖရင့်ကို နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ**(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr.Andrew နှင့် သံရုံးမှ တာဝန်ရှိသူများ၊ OECD မှ Projector Mananger Mr.Alessandro Bellantoni နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်စတင်တာဝန်ယူချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဆင့်လေးခုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ သိသာထင်ရှားသောပြောင်းလဲမှုအဖြစ် စစ်အစိုးရအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင်တွေ့ကြုံခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်သိမှုရှိစေရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ ပြည်သူများ လိုလားချက်များအပေါ် ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှုရှိစွာ ပြည်သူ့ဝန်ဆောင်မှုတို့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရသာမက ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်စေရေးအတွက် စံသတ်မှတ်ချက်များဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များ ရရှိမှု၊ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် ပြည်သူများပါဝင်မှုစသည့် အချက်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဆောင်ရွက်ရာတွင် ယခုအစိုးရလက်ထက်တွင် ဘဏ္ဍာရေးတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်ရရှိမှုတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းအချက်အလက်နှင့် ပြန်ကြားရေးကဏ္ဍ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဆန္ဒသဘောထားများကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသော်လည်း နည်းမှန်လမ်းမှန်ဖြင့် စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းကို ရှေးရှုရမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးအတွက် ယခုကဲ့သို့ ပူးပေါင်းပါဝင်မှုများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗြိတိန်သံအမတ်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ရေးသည် အရေးကြီးပါကြောင်း၊ ထိုသို့ အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အစိုးရ၏အခန်းကဏ္ဍကို နားလည်သိရှိရန် လိုအပ်ပါကြောင်း၊ အနောက်နိုင်ငံများနှင့် အခြား OGP အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများကို ယခုကွန်ဖရင့်တွင် ဆွေးနွေးပြောကြားသွားမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ပြည်သူနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် OECD Project Mananger က ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရအနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုကို ပိုမိုဖွင့်လှစ်ပေးရမည်ဖြစ်ပါကြောင်း၊ OGP အဖွဲ့ဝင်ဖြစ်စေရန်လည်း အစိုးရ၊ ပြည်သူနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွန်ဖရင့်တွင် United Kingdom မှ OGP အတွေ့အကြုံများ၊ မြန်မာနိုင်ငံမှ OGP အဖွဲ့ဝင်ဖြစ်ရေးအတွက် ဆောင်ရွက်မှုအတွေ့အကြုံများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ ပွင့်လင်းမြင်သာသော အစိုးရဖြစ်စေရန် ပြုပြင်ပြောင်းလဲရာတွင် အစိုးရအခန်းကဏ္ဍကိုလည်းကောင်း၊ အစိုးရညီညွတ်စုစည်းမှု မြှင့်တင်ရေးကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့(Open Government Partnership-OGP)သို့ မြန်မာနိုင်ငံမှ ဝင်ရောက်နိုင်ရေးအတွက် International Conference on Open Government: The Way to Membership ကို ပွင့်လင်းမိတ်ဖက်အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(OECD) တို့ ပူးပေါင်းရွက်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကွန်ဖရင့်ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ယခုလ ၂၂ ရက်မှ ၂၉ ရက်အထိ နေ့အလိုက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ သတင်းစာရှင်းလင်းပွဲ၊ အာဆီယံခရီးသွားဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲ၊ အာဆီယံခရီးသွားလုပ်ငန်းကွန်ဖရင့်၊ အာဆီယံခရီးသွားလုပ်ငန်း ပြပွဲများ၊ ဖိုရမ်ပိတ်ပွဲအခမ်းအနားနှင့် လာမည့် ၂၀၁၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံကို အထိမ်းအမှတ်တံဆိပ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတို့ကို ကျင်းပပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၂၈ ရက် နံနက်နှင့် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာဆီယံနိုင်ငံများအလိုက် မီဒီယာများနှင့်တွေ့ဆုံသည့် အစီအစဉ်များ၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းပြခန်းများ ခင်းကျင်းပြသထားမှုများ၊ ခရီးစဉ်ဒေသ ရောင်းဝယ်သူများ တွေ့ဆုံသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) တွင် မြန်မာနိုင်ငံမှ Golden Trip Travels and Tours Co.,Ltd. နှင့် ဘယ်လဂျီယံနိုင်ငံ အခြေစိုက် Eccholine BVBA တို့မှ ကိုယ်စားလှယ်များနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွား ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်သည့် Peking Express ခရီးသွားမှတ်တမ်းအား တတိယအကြိမ်မြောက် လာရောက်ရိုက်ကူးသည့် ခရီးစဉ်နှင့် ပတ်သက်၍ အဆိုပြုတင်ပြချက်များအပေါ် ဆွေးနွေးခဲ့သည်။ ၎င်းအပြင် အင်္ဂလန်နိုင်ငံ All Seasons Underwriting Insurance Ageny (ASUIA) မှ Managing Director/GM နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြား သားဧည့်သည်များအတွက် ကျန်းမာရေးနှင့် ထိခိုက်မှုအာမခံထားရှိရန် ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) တွင် ကျင်းပသည့် Spirere Conferences မှ ကျင်းပပြုလုပ်သည့် Networking Cocktailပွဲ၊ Hotel Max တွင် မလေးရှားနိုင်ငံမှ ပြုလုပ်သော Tourism Malaysia Gala Dinner သို့လည်းကောင်း၊ Grand Amara Hotel တွင် ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ကျင်းပပြုလုပ်သည့် Late Night Function အခမ်းအနားသို့လည်းကောင်း၊ Asian Trail Co:Ltd ၏ ဧည့်ခံပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာသော ကိုယ်စားလှယ်များ၊ ခရီးစဉ် ရောင်းချသူ ဝယ်ယူသူများ ပြပွဲလေ့လာသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ဆက်လက်ကျင်းပလျက်ရှိသည့် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းပြခန်းများ ခင်းကျင်းပြသထားမှုများ၊ ခရီးစဉ်ဒေသ ရောင်းဝယ်သူများ တွေ့ဆုံသည့်အစီအစဉ်များသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညပိုင်းတွင် နေပြည်တော် Hotel Max တွင် ကျင်းပပြုလုပ်သော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ပိတ်ပွဲအခမ်းအနားနှင့် ၂၀၁၆ ခုနှစ်အတွက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံသို့ အလံလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဖိလစ်ပိုင်နိုင်ငံမှ H.E. Arturo Boncata ထံသို့ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၆ လက်ခံကျင်းပမည့် အထိမ်းအမှတ်တံဆိပ်နှင့် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာယူ-၂၀ အသင်း နောက်ဆုံးခြေစမ်းပွဲတွင် ဂိုးပြတ်နိုင်

အစ္စတန်ဘူလ် ဇန်နဝါရီ ၂၉

တူရကီနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည့် မြန်မာယူ-၂၀ အသင်းနှင့် ဂျာမနီ စတုတ္ထတန်း ကလပ် JV1879 Ehrenhair အသင်းတို့သည် ယနေ့နံနက်ပိုင်းက ခြေစမ်းကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၀ အသင်းမှာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး အရန်ကစားသမား ကိုးဦးအထိ အသုံးပြုခဲ့သည်။ အမာခံကစားသမားအချို့ကို ဒုတိယပိုင်းမှာ အသုံးပြုခဲ့ပြီး မြန်မာလူငယ်အသင်းအတွက် ဂိုးများကို အောင်သူဖြိုး၊ သီဟထက်အောင်၊ ရန်လင်းအောင်နှင့် အောင်သူတို့က သွင်းယူပေးခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် တူရကီခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအသင်းမှာ အဇာဘိုင်ဂျန် ယူ-၂၁ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျာမနီကလပ်များဖြစ်သည့် BAK Berlin အသင်းကို လေးဂိုး-တစ်ဂိုး၊ ယခု Ehrenhair အသင်းကို လေးဂိုး -တစ်ဂိုးတို့ဖြင့် အနိုင်ရပြီး တာဂျစ်ကစ္စတန်ကလပ် Taraz အသင်းနှင့် နှစ်ဂိုးစီသရေကျကာ အီရန်ယူ-၂၂ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

(ဖိုးသော်ဇင်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော်   ဇန်နဝါရီ   ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်စာမေးပွဲကို ၂၈-၁၂-၂၀၁၄ ရက်နေ့မှ ၁၉-၁-၂၀၁၅ ရက်နေ့အထိလည်းကောင်း၊ သဘောရေးဖြေစာမေးပွဲကို ၂၃-၁-၂၀၁၅ ရက်နေ့မှ ၂၇-၁-၂၀၁၅ ရက်နေ့အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲတွင် ဒီဃနိကာယ်ရေးဖြေ (ဒီဃနိကာယကောဝိဒ)အောင် တစ်ပါး၊ ဝိနည်း ဒုတိယပိုင်းရေးဖြေ (ဝိနယကောဝိဒ)အောင် ငါးပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေ (ဥဘတောဝိဘင်္ဂကောဝိဒ) အောင် ငါးပါးတို့ အောင်မြင်တော်မူကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံစာမေးပွဲတွင် အဘိဓမ္မာ ဒုတိယပိုင်းအာဂုံ (တိပိဋကဓရ)အောင် နှစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်းအာဂုံ (မူလအာဘိဓမ္မိက)အောင် နှစ်ပါး၊ ဒီဃနိကာယ်အာဂုံ (ဒီဃဘာဏက)အောင် ငါးပါး၊ ဝိနည်း ဒုတိယပိုင်းအာဂုံ (ဝိနယဓရ)အောင် ၁၆ ပါး၊ ဝိနည်းရှေ့ပိုင်းအာဂုံ (ဥဘတောဝိဘင်္ဂဓရ)အောင် ၅၄ ပါးတို့ အောင်မြင်တော်မူကြသည်။

အဆိုပါစာမေးပွဲတွင် အာဂုံဖြေဆိုသံဃာ ၁၀၇ ပါးအနက် ၇၉ ပါး အောင်မြင်၍ သဘောရေးဖြေသံဃာ ၁၄၈ ပါးအနက် ၁၁ ပါး အောင်မြင်ကြပြီး ပိဋကသုံးပုံအာဂုံအောင်မြင်သည့် တိပိဋကဓရ အရှင်မြတ်နှစ်ပါး ပေါ်ထွန်းကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

သုတ္တန္တ ပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်
ဒီဃနိကာယကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ် (၂၁၆) အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်
ဝိနယကောဝိဒ (၅)ပါး

၁။ ပလ္လင်အမှတ် (၂၄၂) အရှင်ဂန္ဓမာ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၂၄၇) အရှင်နရိန္ဒ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၂၅၅) အရှင်တိက္ခသာရာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၉)ဝါ ရွှေတောင်ဦး တိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၂၅၆) အရှင်တေဇောဘာသာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၂၅၉) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်
ဥဘတောဝိဘင်္ဂကောဝိဒ (၅)ပါး

၁။ ပလ္လင်အမှတ် (၂၇၄) အရှင်ပဏ္ဍာဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၂၇၆) အရှင်သဇ္ဇန၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁၀) အရှင်ပါမောက္ခ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၁၁) အရှင်နန္ဒိမာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၃၄၁) အရှင်သူရိယာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋက စုစန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အာဂုံပြန်အောင်စာရင်း
အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင်
တိပိဋကဓရ (၂)ပါး

၁။ ပလ္လင်အမှတ်(၁) အရှင်ဝိစိတ္တသာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၃) အရှင်စက္ကိန္ဒ(မြိုင်)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကကျောင်းတော်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း
ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၂)ပါး

၁။ ပလ္လင်အမှတ်(၄) အရှင်ဇောတိဿရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်း ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၅) အရှင်အာစိဏ္ဏ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင်
ဒီဃဘာဏက (၅)ပါး

၁။ ပလ္လင်အမှတ်(၇) အရှင်ဆန္ဒာနုတ္တရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(ဝိသိဋ္ဌ)**။

၂။ ပလ္လင်အမှတ်(၈) အရှင်ဝါသဝါလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(ဝိသိဋ္ဌ)**။

၃။ ပလ္လင်အမှတ်(၁၀) အရှင်သောဘိတာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၂) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ သဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၁၃) အရှင်ကုန္ဒကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(ဝိသိဋ္ဌ)**။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်
ဝိနယဓရ (၁၆)ပါး

၁။ ပလ္လင်အမှတ်(၁၆) အရှင်ဝံသရက္ခိတ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ ဓမ္မာရာမတောရကျောင်းတိုက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။

၂။ ပလ္လင်အမှတ်(၁၇) အရှင်သုမနာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၁၈) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၉) အရှင်ဓမ္မဉာဏ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၂၉) အရှင်ပညိန္ဒ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၈)ဝါ ဥက္ကံတောရစာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၁) အရှင်ပညာသိဟာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၄၀) အရှင်သောပါကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၄၁) အရှင်အနုတ္တရ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၄၈) အရှင်အာစာရာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၅၃) အရှင်အဂ္ဂါစာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၆) အရှင်သုဇာတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၅၇) အရှင်ဇောတိပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၆၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ် (၆၇) အရှင်ပညိန္ဒြိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၆၉) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ မဟာခေမိကာရာမ ရွှေကျင်စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ် (၇၄) အရှင်ကုန္ဒကာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ ဖိုးဦးစိန်ကျောင်းတိုက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်
ဥဘတောဝိဘင်္ဂဓရ (၅၄)ပါး

၁။ ပလ္လင်အမှတ် (၇၈) အရှင်ပုညာနန္ဒ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ ကုမာရာရာမကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၇၉) အရှင်ကုဿလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက မဟာဂန္ဓာဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၈၀) အရှင်ဥက္ကံသ၊ အသက် (၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက မဟာဂန္ဓာဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၈၂) အရှင်စန္ဒသိရီ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋက မဟာဂန္ဓာဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၈၃) အရှင်ဝါသဝ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၈၄) အရှင်ကုန္ဒောဘာသ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ ရွှေတောင်ဦးတိပိဋက ဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၈၅) အရှင်ကေသဝ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၈၆) အရှင်ပညာဝံသ၊ အသက် (၃၁)နှစ်၊ သိက္ခာ(၉)ဝါ ကျိုက္ကစံရွှေကျင်တိုက်သစ် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၉၂) အရှင်သုဂန္ဓာလင်္ကာရ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ၉-ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၉၄) အရှင်ပဇ္ဇောဘာသာလင်္ကာရ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၉၆) အရှင်သုမင်္ဂလ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၉၇) အရှင်ဓမ္မာစာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၉၈) အရှင်သုခနန္ဒ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ် (၉၉) အရှင်ဉာဏိန္ဒဓဇ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၁၀၀) အရှင်စန္ဒိမာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ် (၁၀၁) အရှင်ပညာသာရာလင်္ကာရ(စစ်ကိုင်း)၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ် (၁၀၂) အရှင်အနောမဉာနာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ် (၁၀၅) အရှင်ကုန္ဒက၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ် (၁၀၇) အရှင်စန္ဒသာရာလင်္ကာရ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄) ဝါ မြစ်ကွေ့ကျောင်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ် (၁၀၈) အရှင်သုမင်္ဂလ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၄) ဝါ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ် (၁၁၁) အရှင်ဇနိန္ဒ၊ အသက် (၂၂)နှစ်၊ သိက္ခာ (၂)ဝါ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၂။ ပလ္လင်အမှတ် (၁၁၂) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊အသက် (၂၂)နှစ်၊ သိက္ခာ (၂) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။**(အထူးအောင်)**

၂၃။ ပလ္လင်အမှတ် (၁၁၄) အရှင်ဝိမလာလင်္ကာရ၊ အသက် (၂၁)နှစ်၊ သိက္ခာ (၁)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။**(အထူးအောင်)**

၂၄။ ပလ္လင်အမှတ် (၁၁၈) အရှင်ကုန္ဒာလောက၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ ရွှေဂူအောင်ချမ်းသာကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၅။ ပလ္လင်အမှတ် (၁၁၉) အရှင်တိက္ခသာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၉)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ် (၁၂၁) အရှင်ကုသလာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၉) ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**။

၂၇။ ပလ္လင်အမှတ် (၁၂၃) အရှင်သီလာစာရာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ် (၁၂၄) အရှင်ကေလာသ(အရာတော်)၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ် (၁၂၆) အရှင်ဥက္ကံသ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ် (၁၂၇) အရှင်သိရီဓမ္မ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ် (၁၂၈) အရှင်ဥတ္တရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ်(၁၂၉) အရှင်ပညာနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**။

၃၃။ ပလ္လင်အမှတ်(၁၃၀) အရှင်သောဘန(မကွေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

(၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ တိပိဋကဓရ သာသနအာဇာနည်နှစ်ပါး ပေါ်ထွန်း

နေပြည်တော် ဇန်နဝါရီ ၂၉

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ၂၈-၁၂-၂၀၁၄ မှ ၂၇-၁-၂၀၁၅ ရက်နေ့ထိ ၃၃ ရက်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရသည်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒ(မြိုင်)သည်လည်းကောင်း ပိဋကသုံးပုံ အဘိဓမ္မာပိဋက(နောက်ပိုင်း)နှစ်ကျမ်းကို အာဂုံအောင်မြင်ကြသဖြင့် ပိဋကသုံးပုံ အာဂုံအောင် "တိပိဋကဓရ" အရှင်မြတ်နှစ်ပါး ပေါ်ထွန်းခဲ့သည်။

တိပိဋကဓရ အရှင်မြတ်နှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းကို အများပြည်သူကြည်ညိုနိုင်စေရန် ဖော်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မာ ဒုတိယပိုင်း(၂)ကျမ်း အာဂုံအောင် အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ကို ခံယူမည့် အရှင်ဝိစိတ္တသာရ(ဒီပဲယင်းတိပိဋကဆရာတော်) ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် ဝန်းရံကျေးရွာ ခမည်းတော် ဦးငွေး+မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရေဦးမြို့နယ် တင်းတိန်ရံဈေး ဓမ္မိကာရုံဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးငွေးသောင်+ ဒေါ်တင်စု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး နောင်ချိုမြို့ ဘူတာရပ်(ဦးအောင်ငွေး)+ဒေါ်လေးနီမိသားစု၊ နောင်ချိုမြို့ တောင်ရပ် ဒေါက်တာမြင့်ကြွယ်+ဒေါ်အေးအေးသိန်း မိသားစု၊ ပြည်မြို့ လမ်းမတော်လမ်း ဦးစောလှိုင်+ (ဒေါ်ညိုလေး) မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှောပင်းစင်တာ) မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့် + ဒေါ်အေးပို မိသားစု၊ ရန်ကုန်မြို့ ဦးတင်ဝင်း + အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟဒေါ်ခင်ကြည် (ဆန်းကိုကိုဘီစကစ်) မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ် ဦးလွင်မြင့်+ ဒေါ်ရီထွေး မိသားစု၊ တာမွေမြို့နယ် ကိုလှမျိုးသန့်+မဥမ္မာချို (ရွှေသရဖူ) မိသားစုတို့က သိက္ခာထပ်မင်္ဂလာပြုခဲ့ကြပါသည်။

ကျေးဇူးရှင်ဆရာတော်များ

ဒီပဲယင်းမြို့နယ် ဝန်းရံကျောင်းဆရာတော် ဦးဇောတိက၊ အနန္တဂူဏ်ရည်ကျောင်းဆရာတော် ဦးစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်ဆရာတော် ဦးဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မမာနိတာရုံဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ နေ့ာ်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဦးဥတ္တမ၊ သာစုကန်ဆရာတော် ဦးတေဇိန္ဒ၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ပိဋကနှစ်ပုံခွဲဆောင် ဦးဩဘာသာဘိဝံသတို့ ဖြစ်ကြပါသည်။

အောင်မြင်ခဲ့သောစာမေးပွဲများ

သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့၊ နိကာယဝုပိုသမိတိဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဇောတကဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဇောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့ကို ရရှိခဲ့ပြီး တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ၁၃၆၃ ခုနှစ်၌ ဥဘတောဝိဘင်္ဂရေဘွဲ့၊ ၁၃၆၅ ခုနှစ်၌ ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ်၌ ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ်၌ မူလအာဘိဓမ္မိကဘွဲ့၊ ၁၃၇၄ ခုနှစ်၌ မူလအဘိဓမ္မကောဝိဒဘွဲ့ကို ရရှိအောင်မြင်ခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၆ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ် အဘိဓမ္မာ ဒုတိယပိုင်း (၂)ကျမ်း (က)အာဂုံပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိကဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋက သုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း တိပိဋကကျောင်းတိုက်မှ အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ကိုခံယူတော်မူမည့် အရှင်စက္ကိန္ဒ(မြိုင်) ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်စက္ကိန္ဒသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ထနောင်းခါးလှကျေးရွာ ခမည်းတော် ဦးကျောက်ခဲ-မယ်တော် ဒေါ်ခင်ကြည်တို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလဆန်း ၂ ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၆၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် စနေနေ့တွင် မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တကိန္ဒကကို ဥပဇ္ဈာယ်ပြုလျက် လမ်းမတော်မြို့နယ် (၁)လမ်းနေ ဦးဝင်းလွင်+ဒေါ်စန်းစန်းကြည် မိသားစု၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဒေါ်ခင်အေးမိသားစု၊ ခမည်းတော် ဦးကျောက်ခဲ+မယ်တော် ဒေါ်ခင်ကြည်မိသားစု၊ ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဦးသောင်းတင်+ဒေါ်ခင်ရီ မိသားစု၊ မုံရွာမြို့ အောင်ချမ်းသာရပ် ဦးတင်ပိုင်+ဒေါ်ညိုညိုသန်းမိသားစု၊ ဦးခင်ရှောင်+ဒေါ်ခင်ရီ မိသားစု၊ ဦးပေတိုး+ဒေါ်ခွက် မိသားစု၊ ဦးခင်ထွန်း+မသန်းသန်းနွယ် မိသားစု စသော ဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ

ထနောင်းခါးလှရွာ မနောရမ္မကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ မွန်ပြည်နယ် မုဒုံမြို့ သာသနာဇေယျာကျောင်းနောင်တော် ဦးဝဏ္ဏသရ၊ မင်္ဂလာဒုံမြို့နယ် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကိန္ဒက၊ မုံရွာမြို့ ပဇ္ဇောတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနာဂဝံသ၊ ဘဒ္ဒန္တဇောတိပါလာလင်္ကာရ၊ ဘဒ္ဒန္တအဂ္ဂဉာဏ စသော စာချဆရာတော်များ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းတိ/နိ စီမံအုပ်ချုပ်မှုမဟာနာယကဆရာတော်များ၊ မုံရွာမြို့ အိုးဘိုတောင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ စသောဆရာတော်များ ဖြစ်ကြပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့(တစ်နိုင်ငံလုံးတတိယ) ရှင်မတောင်သာသနဟိတဝိနယဓရဘွဲ့၊ အစိုးရတိပိဋက ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့ မူလအာဘိဓမ္မိကဘွဲ့၊ မူလအာဘိဓမ္မ ကောဝိဒဘွဲ့ စသော စာမေးပွဲများစွာတို့ကို အောင်မြင်ရရှိခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၆ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကတ် အဘိဓမ္မာ ဒုတိယပိုင်း(၂)ကျမ်း (က) အာဂုံပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိကဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီ ကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်စက္ကိန္ဒသည် သင်ရိုးပိဋက သုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော် ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

❁ စာမျက်နှာ ၁၀ မှ

၃၄။ ပလ္လင်အမှတ်(၁၃၄) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၅။ ပလ္လင်အမှတ်(၁၃၇) အရှင်သီလာစာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ရွှေဥမင်ဓမ္မသုခတောရစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၆။ ပလ္လင်အမှတ်(၁၃၉)အရှင်မုနိန္ဒာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ်(၁၄၁)အရှင်သုန္ဒရ(ကျုံပျော်)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၈။ ပလ္လင်အမှတ်(၁၄၂)အရှင်သုဇန၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**။

၃၉။ ပလ္လင်အမှတ်(၁၄၃)အရှင်ဝီရိယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဇ္ဈိမဂူဏ်ရည်မဟာစည်တောရရိပ်သာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ်(၁၄၄) အရှင်ဉာဏသီဟာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

၄၁။ ပလ္လင်အမှတ် (၁၄၅) အရှင်စိကြာလင်္ကာရ အသက် (၂၈)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ် (၁၄၇) အရှင်သောဘန၊ အသက် (၂၇)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ် (၁၄၈) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက် (၂၂)နှစ်၊ (၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ် (၁၄၉) အရှင်ဥက္ကံသ အသက် (၂၂)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**။

၄၅။ ပလ္လင်အမှတ် (၁၅၂) အရှင်ဝံသပါလ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၉)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၆။ ပလ္လင်အမှတ် (၁၅၃) အရှင်သုနန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၉)ဝါ မဇ္ဈိမာရုံကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ မန္တလေးမြို့ **(အထူးအောင်)**။

၄၇။ ပလ္လင်အမှတ် (၁၅၄) အရှင်ကောသလ္လာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၉)ဝါ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄၈။ ပလ္လင်အမှတ် (၁၆၀) အရှင်ကောဝိဒ (မကွေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄၉။ ပလ္လင်အမှတ် (၁၆၄) အရှင်ဝါယမိန္ဒ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၅၀။ ပလ္လင်အမှတ် (၁၇၀) အရှင်သာသနာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၆)ဝါ ရွှေဥမင်ဓမ္မသုခ တောရရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅၁။ ပလ္လင်အမှတ် (၁၇၃) အရှင်အရိယာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၅)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅၂။ ပလ္လင်အမှတ် (၁၇၆) အရှင်သုမင်္ဂလ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅၃။ ပလ္လင်အမှတ် (၁၈၃) အရှင်ဓမ္မပါလာလင်္ကာရ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၃)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

၅၄။ ပလ္လင်အမှတ် (၁၈၅) အရှင်အဂ္ဂဉာဏ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ မဟာဝတ္ထုကံကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

လမ်းလျှောက်ဆန္ဒဖော်ထုတ်သည့် ကျောင်းသားအဖွဲ့ ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ လမ်းလျှောက်ဆန္ဒပြလျက်ရှိကြသော ကျောင်းသားအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးမြို့ရှိ ပြည်အောင်စံဘုန်းကြီးကျောင်းမှ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်ပုပ္ပါး-ကျောက်ပန်းတောင်း လမ်းအတိုင်း လမ်းလျှောက်ထွက်ခွာခဲ့ကြရာ ကျောက်ပန်းတောင်းမြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး ဟောပြောပွဲများပြုလုပ်ကြကာ ညနေ ၆ နာရီခွဲတွင် သုခဝတီဘုန်းကြီးကျောင်းသို့ ရောက်ရှိရပ်နားခဲ့ကြကြောင်း သိရှိရသည်။

(ဝ၄ဝ)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍(၃၁-၁-၂၀၁၅)ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာပ၊ အလုံ၊ ဒဂုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ဗဟန်း၊ လှိုင်၊ သန်လျင်၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဒါးပိန်၊ အင်းတိုင်၊ အဖျောက်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၅း၀၀)နာရီအတွင်းသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

၃။ ထို့အပြင် (၁-၂-၂၀၁၅)ရက်နေ့တွင် ဒဂုံ(အရှေ့)၊ ဒေါပုံ၊ ရန်ကင်း၊ သာကေတ၊ လမ်းမတော်၊ ဒဂုံ၊ ပန်းဘဲတန်း၊ ကမာရွတ်၊ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ အလုံ၊ သန်လျင်၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၂း၀၀)နာရီမှ (၁၅း၀၀)နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့်လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

❒ ဆောင်းခိုငှက်မှ

နာမည်ကျော်ပလိပ်အင်းတည်ရှိပြီး လက်ရှိတိုင်ဆောင်းခိုငှက်များကျက်စားဆဲပင်ဖြစ်သည်။ ပလိပ်အင်းသည် ရေတိမ်သဘာဝအင်းဖြစ်ပြီး ဒေသခံတို့ အားထားသောအင်းတစ်အင်းပင် ဖြစ်သည်။ အင်းအရှည် ၂ ဒသမ ၃ကီလိုမီတာနှင့် အကျယ် ၂ ဒသမ ၁ကီလိုမီတာ ကျယ်ဝန်းသည်။ မိုးရာသီတွင် မြစ်ငယ်မြစ်ရေနှင့် ဧရာဝတီ မြစ်ရေဝင်ပြီး ဆောင်းရာသီနှင့် နွေရာသီတွင် ရေကျကာ တောင်သူများ စိုက်ပျိုးရေးပြုလုပ်သည့်အင်းဖြစ်ပြီး နုန်းတင်မြေနုပို့ချမှုကြောင့် စိုက်ပျိုးမှု ဖြစ်ထွန်း အောင်မြင်သည့်နေရာပင် ဖြစ်သည်။

ယခုအခါ ဆောင်းခိုငှက်တို့ ကျက်စားရာ ပလိပ်အင်းသည်ရေကျချိန်ဖြစ်သည့်အတွက် တောင်သူတို့ စိုက်ပျိုးရေးများ ပြုလုပ်ရှိသည်။ ပလိပ်အင်းတွင် စပါးကို အဓိကအားထား စိုက်ပျိုးပြီး သက်နုစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးလေ့ရှိသည်။ ရေကောင်းမြေကောင်းနေရာဖြစ်သည်မို့ အခြားစိုက်ပျိုးသီးနှံဖြစ်သည့် ပန်းမုန်လာ၊ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ဖရဲ၊ သခွါးနှင့် အခြားခရမ်းချဉ်သီး၊ ခရမ်းသီးများကိုပါ တွဲဖက်စိုက်ပျိုးလျက်ရှိသည်။ **(တိမ်တမန်)**

Online ပေါ်ကဝိညာဉ်

ရှင်မင်းဆက်(ဖွေးဖွေး)တစ်ယောက်သူမရဲ့ ချစ်သူနဲ့အခြားမိန်းကလေးတို့လက်တွဲလမ်းလျှောက်သွားတာကိုမြင်တွေ့ပြီး ချစ်သူနောက်ကိုလိုက်ရာမှ ယာဉ်တိုက်မှုဖြစ်ကာကွယ်လွန်သွားခဲ့သည်။

စွဲလမ်းစိတ်ကြောင့်မကျွတ်မလွတ်နိုင်ဘဲ ဝိညာဉ်ဘဝကို ရောက်ခဲ့သည့်ရှင်မင်းဆက်တစ်ယောက် လွန်ခဲ့သောသုံးနှစ်ကကွယ်လွန်သွားခဲ့သည့် ချစ်သူအုတ်ဂူမှာအမှတ်တရပန်းခြင်းလာချသည့် စိုးရှိန်သာ(နေတိုး)ကို အမှတ်မထင်တွေ့ဆုံလိုက်ပြီး ကျကျန်ခဲ့သည့်လိပ်စာမှတစ်ဆင့် Online ပေါ်တွင် အဆက်အသွယ်ရသွားခဲ့သည်။

ပရလောကပိုင်းတွေကိုမယုံကြည်သည့် စိုးရှိန်သာတစ်ယောက်ရှင်မင်းဆက်နဲ့ Online ပေါ်တွင် ဆုံတွေ့မိရာမှ မယုံကြည်မှုတွေ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့် ဘဝနှစ်ခုကြားက ပြဿနာတွေမှာ ပါဝင်ပတ်သက်မိရင်း ချစ်ခြင်းမေတ္တာပေါက်ဖွားလာပုံကိုဖော်ကျူးထားခဲ့သည်။

တကယ်တော့ ဝိညာဉ်ဆိုတာ ကြောက်ရွံ့ထိတ်လန့်စရာမဟုတ်ဘဲ သနားစရာကောင်းပြီး ခိုကိုးရာမဲ့နေသူများပါလားဟု သိလိုက်ရတဲ့အခါမှာတော့ ဘဝချင်းခြားတဲ့ချစ်သူတွေ ဆုံတွေ့ခွင့်ရပါဦးမလား၊ အကယ်၍သာ ပရိသတ်ကြီးရဲ့ Facebook အကောင့်ထဲမှာလဲ ဝိညာဉ်လိပ်စာတစ်ခုရှိနေခဲ့မယ်ဆိုရင် --- လွင်မင်းအံ့ရဲ့ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်၊ တွဲဖက်ဒါရိုက်တာ ဩရသနှင့်မောင်သီတို့ ပုံဖော်ရိုက်ကူးထားသည့် Online ပေါ်ကဝိညာဉ် ရုပ်ရှင်ဇာတ်ကားကို Lavender ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇန်နဝါရီ ၃၀ ရက်မှစ၍မြန်မာနိုင်ငံရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသတော့မှာဖြစ်ပါတယ်။ **(စန္ဒာဝင်း)**

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် ဒို့ကျေပွန်

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၁-၂၀၁၅ (သောကြာနေ့)

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ အာဠာနာဋိယသုတ်
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၁း၀၅ Food & Decor
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၈)
- ၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ"(အပိုင်း-၈)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ"(အပိုင်း-၉)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၁၉)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၉၆)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၉)
- ၁၀း၀၅ Movie Talk [ကလေးသရုပ်ဆောင်များ (အပိုင်း-၃)]
- ၁း၄၅ MRTV-4 Stage
- ၄း၃၅ မုံရွာမြို့သို့အလည်တစ်ခေါက်

မြဝတီ

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၄၀ မှတ်တမ်း
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည့်
- ၇း၃၀ သင့်အတွက်တစ်နေ့တာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၄း၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ်. . . စားမယ်ကမ္ဘာ တစ်ခွင်ဝယ်
- ၆း၁၀ အိပ်မက်များကိုထုဆစ်ခြင်း
- ၆း၃၀ "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၂၈၅) (ဒါရိုက်တာ-မိုးဇော်ကို)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကတော်ဝင်သမားတော်" (အပိုင်း-၁၀) -သံစဉ်များနှင့်ကမ္ဘာ -Lucky Door

News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ "ဆုထူးတွေပန်ရှယ် ယက္ကန်းစင်တောင် သေလာဦးဝယ်"
- ၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသ အခြေအနေ
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
- ၁၂း၃၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
- ၁၂း၅၀ ညဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
- ၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အထူးပြုအားလုံး အင်္ဂလိပ်စာမှလွဲ၍) (အင်္ဂလိပ်စာ)
- ၄း၅၀ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၉း၀၀ ပြည်တွင်းသတင်း၊ ချစ်သော၍ ကမ္ဘာမြေ -"စည်းလုံးခြင်းရဲ့ အရသာ"

Entertainment Channel

- ၆း၀၀ အဖွင့် -ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၁)
- ၆း၃၀ အေဝမ်းစိုးမြင့်တေးများ (အပိုင်း-၆)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၂၂)
- ၇း၁၅ ရောင်စုံရေးသီတေးပန်းချီ
- ၇း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၄၃)
- ၈း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၄၄)
- ၈း၅၀ တေးဂီတအစီအစဉ်
- ၉း၀၀ ပြည်သူ့နီတိ "မိုးခါးရေ"
- ၉း၂၀ 40th Year Of ASEAN-Japan Friendship And Corporation (Myanmar)
- ၉း၂၅ Colour Of ASEAN (Myanmar)
- ၉း၃၀ ASEAN CULTURAL FAIR 2014 (Myanmar Wedding Dress)
- ၉း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "ပန်းသွန်းကဗျာ" (ပြေတီဦး၊ ဆန်းထွန်း၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဝိုင်း)

တစ်နေ့(၆)နာရီစာ (၄)ကြိမ် ပြသပါမည်။

MYANMAR INTERNATIONAL

Programme in Brief(30-1-2015)(Friday)

- -Distinct People, Different Lifestyles (Pan-Pack Village)
- -Myanmar Masterclass: Cubism
- -Myanma Pioneer Female Bodybuilder
- -Myanmar China Friendship Tour
- -Taking an Oath for Life
- -A Famous Pagoda in the Sea
- -Gem Stone Painting
- -Traffic Police
- -Amazing May Phoo Han
- -Today Myanmar (Seafood Export)
- -Ambassador's View Korea
- -Myanmar China Friendship Tour
- -Mogok: The Colourful Land of Rubies
- -The Precious Lands Of Myanmar (Mandalay)
- -Not Just a Bridge

တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကြီး ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာ တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်အထိ မန္တလေးမြို့ ၇၃ လမ်းနှင့် သဇင်လမ်းထောင့်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကြက်တောင်ပြိုင်ပွဲတွင် အသက် (၁၅)နှစ်အောက် ကျား၊ မတစ်ဦးချင်း ပြိုင်ပွဲများ၊ အသက် (၁၅)နှစ်အောက် ကျားနှစ်ယောက်တွဲ၊ မနှစ်ယောက်တွဲ ပြိုင်ပွဲများ အသက် (၁၉)နှစ်အောက် ကျား၊ မ တစ်ဦးချင်း ပြိုင်ပွဲများ၊ အသက်(၁၉)နှစ်အောက် ကျားနှစ်ယောက်တွဲ၊ မနှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက်(၄၅)နှစ်အထက်နှင့် အသက်(၅၅)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ပြီး နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် “အောင်” ကြက်တောင်ရိုက်အသင်းက ကြီးမှူးပြီး အောင်သမာဓိရွှေဆိုင်နှင့် နယူးချယ်ရီရောင်းဝယ်ရေးတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဆင့်ဆင့်)

ဘွန်ဒက်လီဂါ ပွဲစဉ်-၁၈

တစ်လကျော်အနားပေးထားသည့် ဘွန်ဒက်လီဂါပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှာ ပြန်လည်စတင်ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် ကစားမည့် ဘွန်ဒက်လီဂါပွဲစဉ်(၁၈)မှ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေသည့် ပွဲငါးပွဲကို ကြိုတင်ခံစားကြည့်လိုက်မိပါတယ်။

ဝုဖ်ဘာတ်-ဘိုင်ယန်မြူးနစ် **နံနက် ၂း၀၀ (၃၁-၁-၂၀၁၅)**

အမှတ်ပေးဇယားထိပ်ဆုံးရောက် နှစ်သင်းတွေ့ဆုံမှုဖြစ်၍ ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲကောင်းတစ်ပွဲဖြစ်နေသည်။ ဝုဖ်ဘာတ်က အိမ်ကွင်းရှုံးပွဲမရှိသေးသလို ဘိုင်ယန်မြူးနစ်ကလည်း အဝေးကွင်းရှုံးပွဲမကြုံတွေ့သေးသည့် အသင်းဖြစ်နေသည်။ ဒီရလဒ်ကောင်းကို နှစ်သင်းစလုံးဆက်ထိန်းနိုင်အောင် ကြိုးစားကြပေလိမ့်မည်။ ဝုဖ်ဘာတ်က အိမ်ကွင်းကစားအားကောင်းမွန်သော်လည်း ဘိုင်ယန်မြူးနစ်၏ အဝေးကွင်းခြေစွမ်းထက်မြက်မှုရှိနေ၍ ဝုဖ်ဘာတ်တို့ ခက်ခက်ခဲခဲကစားရဖွယ်ရှိသည်။ ရာသီအစအဖွင့်ပွဲမှာ ဘိုင်ယန်မြူးနစ်တို့အနိုင်ရခဲ့သလို ယခုပွဲလည်း အမှတ်ပြည့်ရအောင် အားကုန်ထုတ်ကစားဦးမည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်ကပ်ပြီး အနိုင်ရသွားနိုင်သည်။

ရှော်ကေး-ဟန်နိုဗာ **ည ၉း၀၀ (၃၁-၁-၂၀၁၅)**

အိမ်ရှင်ရှော်ကေးအသင်း ဥရောပပြိုင်ပွဲဝင်ခွင့်တစ်နေရာအတွက် အစွမ်းကုန်ကစားပေလိမ့်မည်။ ရှော်ကေး၏အိမ်ကွင်းခြေစွမ်းက အားရစရာအနေအထားမှာရှိနေသော်လည်း ဟန်နိုဗာ၏အဝေးကွင်းခြေစွမ်းမှာ သိပ်မျှော်လင့်၍မရနိုင်သည့် အနေအထားဖြစ်နေသည်။ အိမ်ရှင်အသင်း ဒုတိယရာသီဝက်အဖွင့်ပွဲစဉ်မှာ အောင်ပွဲခံနိုင်မည်ဟု သုံးသပ်မိသည်။

စတုဂတ်-မိုချင်ဂလက်ဘာတ် **ည ၉း၀၀ (၃၁-၁-၂၀၁၅)**

ပထမရာသီဝက်အပြီး အဆင့်(၄)နေရာမှာ ရပ်တည်ခွင့်ရခဲ့သည့် မိုချင်ဂလက်ဘာတ်တို့ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ရှိနေ၍ ယခုဒုတိယရာသီဝက်အဖွင့်တွင် အားကုန်ထုတ်ကစားမည်မှာ သေချာနေသည်။ စတုဂတ်က ပထမရာသီဝက် အိမ်ကွင်းရှစ်ပွဲကစားခဲ့ရာ တစ်ပွဲသာအနိုင်ရပြီး နှစ်ပွဲသရေ၊ ငါးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့သည့်အသင်းဖြစ်နေ၍ အခက်တွေ့ဖွယ်ရှိနေသည်။ သို့သော် တန်းဆင်းဇုန်အနားကလွတ်အောင် ကစားမည့်စတုဂတ်တို့ သရေတစ်မှတ်အရယူသွားနိုင်သည်။

လေဗာကူဆင်-ဒေါ့မွန် **နံနက် ၀၀း၀၀ (၁-၂-၂၀၁၅)**

လေဗာကူဆင်သည် အမှတ်ပေးဇယားထိပ်ဆုံးပိုင်းမှာ ရောက်နေသလို အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်သည့် အသင်းဖြစ်သည်။ ဒေါ့မွန်သည် ပထမရာသီဝက်အပြီးတွင် အဝေးကွင်းရှုံးပွဲ အများဆုံးဖြစ်ပြီး ခြေစွမ်းကျနေသည်ဟု ပြောနိုင်သည်။ ပထမအကျော့ ဒေါ့မွန်အိမ်ကွင်းတွေ့ဆုံမှုမှာ လေဗာကူဆင်တို့ နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ယခု လေဗာကူဆင်၏ အိမ်ကွင်းပွဲစဉ်တွင်လည်း အိမ်ရှင်တို့ အောင်ပွဲခံရန်ရာနှုန်းများနေပါသည်။

အော့စ်ဘာတ်-ဟော့ဖန်ဟိမ်း **ည ၁၁း၀၀ (၁-၂-၂၀၁၅)**

(၁၇)ပွဲကစားအပြီး အမှတ်ပေးဇယား အဆင့်သတ်မှတ်ချက်မှာ အထက်အောက်ရမှတ် တစ်မှတ်အကွာအနေအထားရရှိထားသည့် နှစ်သင်းတွေ့ဆုံမှုဖြစ်၍ ပွဲကောင်းတစ်ပွဲဖြစ်မှာ သေချာနေသည်။ အော့စ်ဘာတ်ကွင်း နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုမှာ အော့စ်ဘာတ်က ဟော့ဖန်ဟိမ်းကို နှစ်ကြိမ်စလုံး အသာစီးရယူနိုင်ခဲ့သည်။ ယခုတစ်ကြိမ်လည်း အော့စ်ဘာတ်တို့ ရလဒ်ကောင်းတစ်ခု အရယူနိုင်ဦးမည်ဟု သုံးသပ်မိသည်။

(ဝင်းထွဋ်ဦး)

ဩစတြေးလျအိုးပင်း ဆီရီနာဝီလျံနှင့် ရှာရာပိုဗာ ဗိုလ်လုမည်

ကမ္ဘာ့အဆင့်(၁) အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် လာမည့် ဇန်နဝါရီ ၃၁ ရက်နေ့တွင် မာရီယာရှာရာပိုဗာကို ရင်ဆိုင်ကာ ဩစတြေးလျအိုးပင်းဗိုလ်လုပွဲတွင် ချန်ပီယံဆုကိုရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။ လက်ရှိ ကမ္ဘာ့အဆင့်(၂) ရုရှားတင်းနစ်မယ်ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသူ အီကာထရီနာ မာကာရိုဗာကို ၆-၃၊ ၆-၂ ဖြင့် နှစ်ပွဲပြတ်နိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

ဆီရီနာကလည်း အမေရိကန်နိုင်ငံသူ မက်ဒီဆင်ကီးစ်ကို အကြိုဗိုလ်လုပွဲတွင် ၇-၆ (၇-၅)၊ ၆-၂ ဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သည်။ နိုင်ခြေအဆင့်(၁)ရှိသူ ဆီရီနာသည် အသက်(၁၉)နှစ် သာရှိသေးသော ကီးစ်ထက်(၁၄)နှစ်စောပြီး တင်းနစ်လောကသို့ ဝင်ရောက်လာခဲ့သူဖြစ်ရာ ကီးစ်မှာ ပထမပွဲငယ်များတွင် ကောင်းမွန်သော ရိုက်ချက်များဖြင့် တုန့်ပြန်နိုင်ခဲ့သေးသော်လည်း သမ္ဘာရှိသောဝီလျံကို မယှဉ်နိုင်ခဲ့ဘဲ နောက်ဆုံးပွဲငယ်တွင် ၆-၂ ဖြင့် အပြတ်အသတ်ပင် ရှုံးနိမ့်ခဲ့ရသည်။ ကီးစ်နှင့်ပတ်သက်၍ ဝီလျံက “သူက တော်တော့်ကို ကောင်းမွန်တဲ့ ကစားသမားလေးပါ။ ကျွန်မစိတ်ထင် မကြာခင်ကာလအတွင်း ဂရင်းဆုတွေ၊ အခြားချန်ပီယံဆုတွေကို ရရှိဦးမှာပါ။ ဒီလိုအလားအလာရှိတဲ့ ကစားသမားအသစ်လေးတွေကို တွေ့ရတာ ကျွန်မပျော်ပါတယ်”ဟု ပြောကြားခဲ့သည်။ ယင်းအကြိုဗိုလ်လုပွဲတွင် ရာသီဥတုအနည်းငယ် ဆိုးရွားမှုကြောင့် ဝီလျံမှာ ပထမပွဲများတွင် အနည်းငယ်ရုန်းကန်ခဲ့ရသေးသည်။

ထို့ကြောင့် ဝီလျံသည် ဗိုလ်လုပွဲတွင် ဂရင်းစလင်း (၅)ကြိမ် ဆွတ်ခူးထားသော ရှာရာပိုဗာနှင့် တွေ့ဆုံရမည်ဖြစ်ကာ ဝီလျံသည် ရှာရာပိုဗာကို ၂၀၀၇ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲတွင် လည်းကောင်း၊ ၂၀၁၃ ပြင်သစ်အိုးပင်းပြိုင်ပွဲဗိုလ်လုပွဲတွင် လည်းကောင်း အနိုင်ယူပြီး ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ခဲ့သည်။ ထို့ပြင် ရှာရာပိုဗာသည် ဆီရီနာနှင့် စုစုပေါင်း (၁၆)ကြိမ်တွေ့ဆုံခဲ့ရာ နှစ်ပွဲသာလျှင် အနိုင်ရဖူးပြီး နောက်ဆုံးအကြိမ် အနိုင်ရခဲ့ခြင်းမှာလည်း ၂၀၀၄ ခုနှစ်ကတည်းကပင်ဖြစ်ရာ ဆီရီနာကို အနိုင်မယူနိုင်ခဲ့သည်မှာ (၁၁)နှစ်ပင်ရှိခဲ့ပြီဖြစ်သည်။

ရှာရာပိုဗာက “ကျွန်မအနေနဲ့ ဗိုလ်လုပွဲကို လက်စွမ်းမှန်မှန်နဲ့ တက်ရောက်လာခဲ့ပြီး (၆)ကြိမ်မြောက်ဂရင်းစလင်းကို အရယူမယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးသားပါ။ ကျွန်မအနေနဲ့ ဘယ်လိုပဲဆိုးရွားတဲ့ မှတ်တမ်းတွေရှိရှိ ပြောနိုင်တာကတော့ လူလူချင်းယှဉ်ပြိုင်တဲ့ပွဲပါပဲ။ ဒါကြောင့် ကိစ္စမရှိပါဘူး။ ဆုဖလားရဖို့ အစွမ်းကုန်ကြိုးပမ်းသွားမှာပဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အသက်(၂၇)နှစ် အရွယ်ရှိ ရှာရာပိုဗာအနေဖြင့် ဆီရီနာကို အနိုင်ယူပြီး ဩစတြေးလျအိုးပင်းချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်မည်လား။ ဝီလျံ လက်စွမ်းကို မယှဉ်နိုင်ဘဲ ဒုတိယဆုနှင့်သာ ကျေနပ်ရမည်လားဆိုသည်ကို လာမည့် စနေနေ့ညတွင် စောင့်ကြည့်ရမည်ဖြစ်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ဇန်နဝါရီ ၂၇ ရက် ညပိုင်းက ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကက်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် လီဗာပူးနောက်တန်းကစားသမား အမ်မရီကန်အား ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း သိရသည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အဆိုပါပွဲစဉ်တွင် လီဗာပူးကစားသမားနှစ်ဦးအား ကြမ်းတမ်းစွာကစားခဲ့ခြင်းဖြစ်ပြီး အဆိုပါနှစ်ကြိမ်အနက် ပထမဆုံးအကြိမ်ဖြစ်သည့် လီဗာပူးနောက်ခံလူ အမ်မရီကန်အား ကြမ်းတမ်းစွာကစားခဲ့မှုဖြင့် အက်ဖ်အေ၏ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံလိုက်ရခြင်းဖြစ်သည်။

ဒုတိယအကြိမ်လီဗာပူးဗဟိုနောက်တန်းကစားသမား မာတင်စကာတယ်အား ကြမ်းတမ်းစွာကစားခဲ့မှုမှာ ပြစ်ဒဏ်ကျခံရခြင်းမရှိဘဲ လွတ်မြောက်သွားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် တိုက်စစ်မှူးဒီယေဂိုကော်စတာအား ချမှတ်မည့် သုံးပွဲပယ်ပြစ်ဒဏ်ကို မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် စတင်အသက်ဝင်စေခဲ့ပါက ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ဇန်နဝါရီ ၃၁ ရက်တွင် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌ မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာမည်မဟုတ်ဘဲ လွဲချော်လိမ့်မည်ဖြစ်ကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုကမူ လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူးကော်စတာမှာ ပွဲပယ်ပြစ်ဒဏ်ပေးလောက်အောင် ကြမ်းတမ်းစွာကစားခဲ့ခြင်းမဟုတ်ကြောင်း ကာကွယ်ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် လီဗာပူးအသင်းနည်းပြဘရန်ဒန်ရော့ဂျာက ချယ်လ်ဆီးတိုက်စစ်မှူးကော်စတာ၏ ကစားမှုမှာ အတော်လေးကြမ်းတမ်းခဲ့သည်ဟု ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့ပြီး ချက်ချင်းထုတ်ပယ်ခဲ့သင့်ကြောင်းကိုပင် ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် စပိန်ကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သည့်အချိန်မှစတင်ကာ ချယ်လ်ဆီးအသင်းအတွက် ၁၇ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းသည်လည်း မော်ရင်ဟိုတစ်ကျော့ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲသို့ ပထမအကြိမ်တက်လှမ်းခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)

ရန်ကုန်ပညာရေးတက္ကသိုလ် ကာယအလှ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းတွင်းကာယအလှ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆုကိုခါးနံပါတ်(၃) မောင်ကျော်လင်းထွန်း (တတိယနှစ်- ပ-နှစ်ဝက်တန်း) မှရရှိပြီး၊ ဒုတိယဆုကိုမောင်စစ်နိုင်မင်း(ပထမနှစ်-ပနှစ်ဝက်တန်း)၊ တတိယဆုကိုမောင်သိန်းမြင့်မောင် (တတိယနှစ်-ပ-နှစ်ဝက်တန်း)ကဆွတ်ခူးသွားခဲ့သည်။ ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆုကိုခါးနံပါတ်(၃)(စတုတ္ထနှစ် ဒု-နှစ်ဝက်)မှ မဖြိုးဖြိုးလွင်၊ ဒုတိယဆုကိုခါးနံပါတ်(၄) တတိယနှစ် (ဒု-နှစ်ဝက်)မှ လဲ့နေရည်ဦး၊ တတိယဆုကိုခါးနံပါတ်(၅) မလှိုင်းအိဖြူတို့က ရရှိခဲ့ပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုကို ခါးနံပါတ်(၆)မယမင်းဆု(ဒုတိယနှစ်)၊ ဒုတိယဆုကိုခါးနံပါတ်(၈) တတိယနှစ်(ပ-နှစ်ဝက်)မှ နော်သဇင် ဖွေး၊ တတိယဆုကိုခါးနံပါတ်(၂) စတုတ္ထနှစ် (ပ-နှစ်ဝက်)မှ မသီဂီဆွေတို့က အသီးသီးရရှိခဲ့သည်။ နှစ်သိမ့်ဆုများနှင့် နဝမဆုအထိပါဝင်ယှဉ်ပြိုင်သူများကိုလည်းအသီးသီးချီးမြှင့်ကြသည်။

“ကျွန်တော်ကဒီနှစ်မှ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပျော်တော့ပျော်ပါတယ်။ ပျော်တာထက်ကျွန်တော့်ကို ဒီလိုအခမဲ့ကစားလို့ရအောင် လမ်းညွှန်လိုက်တဲ့ ကျောင်းက ဆရာ၊ ဆရာမတွေကိုပိုပြီးကျေးဇူးတင်ပါတယ်။”ဟု ကာယဗလပထမဆုရရှိသူ ဝေါမြို့နယ်မှ ကျောင်းလာတက်သည့် မောင်ကျော်လင်းထွန်းကပြောသည်။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းတွင်းကာယဗလ၊ ကာယအလှနှင့် ကာယကြံ့ခိုင်မှုကော်မတီ၏ ‘တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး’ ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားကစားကို စိတ်ပါဝင်စားပြီး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်မြင့်မားသော ကိုယ်ကာယအချိုးကျလှပ၍ စိတ်လှုပ်ရှားမှုကိုထိန်းသိမ်းနိုင်စွမ်းရှိသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်လာစေရန်ရည်ရွယ်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ကာယအလှ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီ၊ အားကစားနှင့် ကျောင်းကျန်းမာရေးအဖွဲ့မှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျောင်းတွင်းကာယဗလ၊ ကာယအလှနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံကာယဗလ၊ ကာယအလှနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှလည်း အရည်အချင်းပြည့်ဝစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကာယဗလမောင်များကိုတက္ကသိုလ်အားကစားရုံမှ တာဝန်ခံများထံ အပ်နှံလေ့ကျင့်စေပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် နည်းပြများမှလည်းသင်ကြားပေးကြောင်းသိရသည်။

(သန့်ဇင်ဝင်း)

နောင်ချိုမြို့နယ်တွင် ဘိန်းဖြူ သုည ဒသမ ၀၀၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း သက်ပိုင်စိုး မောင်းနှင်လာသည့် ယာဉ်အမှတ် 8I/. . . . ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ခုံအမှတ်(၂၈)တွင် လိုက်ပါလာသည့် ခရီးသည် အောင်ကျော်သန်းဝတ်ဆင်ထားသည့် မိုးကာအနွေးထည် အင်္ကျီအိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား သိမ်းဆည်းရမိသဖြင့် အောင်ကျော်သန်း(၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။**(မူးယစ်ဗဟို)**

အောင်ကျော်သန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ခိုးမှု ကျူးလွန်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ခိုးမှုမကြာခဏဖြစ်ပွားနေသဖြင့် နေပြည်တော်ကောင်စီနှင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် လှည့်ကင်းများ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ရက် ညနေ ၃ နာရီခွဲတွင် အမှတ်(၈) နယ်မြေရဲကင်းမှ ရဲတပ်ကြပ်ကြီး အေးမင်းနှင့်အဖွဲ့ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဓနသိဒ္ဓိရပ်ကွက် ညွန့်မှူးအိမ်ရာ အနောက်ဘက်လမ်းပေါ်တွင် လူငယ်နှစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ သန်းတိုးအောင်(၁၅)နှစ်၊ ဟိန်းဇော်မိုးဝင်း(ခ)ကိုဟိန်း(၁၂)နှစ်၊ ရွှေခဲအင်းကျေးရွာအနီး ကျူးကျော်တဲနေထိုင်သူတို့ဖြစ်ပြီး ၎င်းတို့စီးနင်းလာသော ၅ယ/----- ကန်ဘို-၁၁၀ အပြာရောင်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှု မပြောနိုင်သဖြင့် အမှတ် (၇) နယ်မြေရဲစခန်းသို့ ပို့အပ်ပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

၎င်းတို့နှစ်ဦးအား အသေးစိတ်စစ်ဆေးရာ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၀ရက် နံနက် ၃ နာရီတွင် ဝန်ထမ်းအိမ်ရာများသို့ လှည့်လည်ပြီး အတိုအစကောက်နေစဉ် တိုက်အမှတ် (၃၃၁၅) ရှေ့အရောက်တွင် ဆိုင်ကယ်အမှတ် ၁ယ/ ---- ကန်ဘို ၁၁၀ အပြာရောင်မှာ သော့ခတ်ထားခြင်းမရှိဘဲ တွေ့ရှိရသဖြင့် ခိုးယူခဲ့ကြောင်း၊ ၎င်းတို့နေထိုင်ရာ ရွှေခဲအင်းရွာအနီး ကျူးကျော်တဲသို့ ရောက်သောအခါ ၎င်းဆိုင်ကယ်နံပါတ်ပြားဖြုတ်ပြီး အတိုအစကောက်စဉ် ရရှိခဲ့သော ၅ယ/--- နံပါပြားကို လဲလှယ်တပ်ဆင်ခဲ့ကြောင်း၊ ယင်းဆိုင်ကယ်အား ရောင်းချရန် ထွက်လာချိန် အဖမ်းခံရခြင်းဖြစ်ကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် ဆက်လက်အတည်ပြုစုံစမ်းရာ ၁ယ/၉၁၁၉၀ ဆိုင်ကယ် သည် တိုက်အမှတ် (၃၃၁၅/၃၆) နေ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယာဉ်မောင်းအဆင့် (၅)၏ဆိုင်ကယ်ဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ရရှိခဲ့သည်။

ဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများနေထိုင်လျက်ရှိသော အိမ်ရာ/တိုက်ခန်းများတွင် ၂၀၁၄ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှု ၆၈ မှုဖြစ်ပွားခဲ့သည့်အနက် ၄၅ မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ပိုင်ရှင်လက်ဝယ်သို့ ဆိုင်ကယ် ၂၇ စီးအား ပြန်လည်အပ်နှံဆောင်ရွက်နိုင်ခဲ့ခြင်း၊ ငွေနှင့်ပစ္စည်းပျောက်ဆုံးမှု ၅၆ မှုဖြစ်ပွားခဲ့သည့်အနက် ၂၂မှု ဖော်ထုတ်ရရှိခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ နှစ်ဦးသည် ကလေးသူငယ်များဖြစ်သဖြင့် အမှတ် (၇) ရဲစခန်းမှ ခေတ္တထိန်းသိမ်းထားပြီး တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

မန္တလေး၌ စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့မဟာအောင်မြေမြို့နယ်ရှိမဟာအရှေ့အကွက် (၅၂၈) မျက်ဝန်း ရပ်ကွက် (၃၈) လမ်းနှင့် (၃၉) လမ်းကြား၊ (၈၂) လမ်းနှင့် (၈၃) လမ်းကြားရှိ အောင်မေတ္တာစက်သုံးဆီအရောင်းဆိုင်တွင် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ ခန့် က ဆီသယ်ယာဉ်မှတစ်ဆင့် ဆီလှောင်ကန်သို့ ဖလှယ်စဉ် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

ယာဉ်လိုင်းများပေါ်တွင် အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်နေသူ ၁၂ ဦးအား ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က မြောက်ဥက္ကလာပမြို့နယ် ကန်သာယာကားမှတ်တိုင်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ ရောက်လာသော အမှတ်(၄၃) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်တွင် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများဖြစ်သော လှိုင်သာယာမြို့နယ်နေ တရုတ်ကြီး(ခ)အောင်ချမ်း (၄၂)နှစ်၊ရဲဝင်းကို(၂၄)နှစ်၊ နေမျိုးဦး(၃၂)နှစ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မိုးမင်းကျော် (၃၀)နှစ်တို့ လေးဦးအား တွေ့ရှိရပြီး ၎င်းတို့က ခရီးသည်အမျိုးသားတစ်ဦးထံမှ ငွေများနှိုက်ယူနေစဉ် ဖမ်းဆီးရမိခဲ့သည့်အပြင် ၎င်းတို့လေးဦးနှင့်အတူ ခါးပိုက်နှိုက်ရာတွင် ပူးပေါင်းပါဝင်သော လှိုင်သာယာမြို့နယ်နေ မြတ်ထွန်းအောင် (၃၀)နှစ်မှာ ခရီးသည်တင်ယာဉ်၏ နောက်ဘက်မှ 5F-Pro Box အငှားယာဉ်ဖြင့် မောင်းနှင်လိုက်ပါလာသည်ကို တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦးကို မြောက်ဥက္ကလာပ မြို့မရဲစခန်းက(ပ) ၅၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်) ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် အဆိုပါ ကားမှတ်တိုင်သို့ရောက်ရှိလာသည့် အမှတ် (၄၃) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေသူများဖြစ် သည့် စန်းမြင့်(၄၀)နှစ်နှင့် ဇင်ကို (၂၉)နှစ်တို့နှစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ငွေကျပ် ၂၁၅၀၀ ကို တွေ့ရှိရပြီး အဆိုပါငွေများကို ဓမ္မာရုံမှတ်တိုင်မှစီးနင်းလိုက်ပါလာပြီး ၆ ကွေ့မှတ်တိုင်တွင် ဆင်းသွားသည့် အသက်(၂၅)နှစ်ခန့်ခရီးသည် အမျိုးသမီးတစ်ဦးထံမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို မြောက်ဥက္ကလာပမြို့မရဲစခန်းက(ပ)၅၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉ (နှိုက်)/၅၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

၎င်းအပြင် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ကားမှတ်တိုင်သို့ ရောက်ရှိလာသော အမှတ်(၄၃) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်၌ ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ရွှေပြည်သာမြို့နယ်နေ ဇင်ကို(၃၀)နှစ်၊ ဇော်မိုး(၃၅)နှစ်၊ သိန်းဝင်း(၆၀)နှစ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မြတ်မင်းထွန်း (၃၅)နှစ်နှင့်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကျော်ထွန်း(၃၄)နှစ်တို့ငါးဦးအား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ငွေကျပ် ၈၅၅၀၀ ကို တွေ့ရှိရပြီး အဆိုပါ ငွေများကို အောင်မင်္ဂလာအဝေးပြေးဝင်းမှတ်တိုင်မှ လိုက်ပါစီးနင်းပြီး ဓမ္မာရုံမှတ်တိုင်တွင်ဆင်းသွားသော အသက် (၃၀) နှစ်ခန့်ရှိ ခရီးသည်အမျိုးသားတစ်ဦးထံမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ငါးဦးကို မြောက်ဥက္ကလာပ မြို့မရဲစခန်းက(ပ)၅၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်)/၅၄ ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

ဆိုင်ကယ်လုယက်မှုကျူးလွန်သူများအား မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သော လှော်ကားနယ်မြေ ရဲစခန်း(ပ)၁၅/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၉၄ အမှုမှ ရွှေပြည်သာမြို့နယ် လှော်ကားသာခုကန်စက်မှုဇုန်အတွင်း ဆိုင်ကယ်လုယက်မှုကျူးလွန်သူ တရားခံ နောင်မြတ်သူ(ခ) နောင်နောင်၊ ကျော်ထက်လှိုင်၊ ထွန်းရင်(ခ) သန်းဇော်ဦး၊ နိုင်လင်းထွန်း(ခ)ဘယ်ကျော်(ခ) မောင်ငယ်တို့ လေးဦးအား ဇန်နဝါရီ ၂၃ ရက်တွင် ဖမ်းဆီးရမိသဖြင့် သက်သေခံပစ္စည်း HONDA FISH -၁၁၀ အမျိုးအစား အနီရောင် ဆိုင်ကယ်တစ်စီးကို ပြန်လည်သိမ်းဆည်း၍ ဖမ်းဆီးရမိသူများနှင့်အတူ လှော်ကားနယ်မြေ ရဲစခန်းသို့ လွှဲပြောင်း အပ်နှံထားကြောင်း သိရသည်။ **(ခရိုင်-ရဲ)**

အင်းလေးကန်အတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းသူများကို ဖမ်းဆီးအရေးယူ

ညောင်ရွှေ ဇန်နဝါရီ ၂၉

အင်းလေးကန် ဘေးမဲ့တောဧရိယာအတွင်း ဘက်ထရီရှော့တိုက်စနစ်ဖြင့် ငါးဖမ်းဆီးသူ သုံးဦးကို ဇန်နဝါရီ ၂၅ ရက် ညနေ ၅နာရီခွဲတွင် ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးသို့ သက်သေခံပစ္စည်းများနှင့်အတူ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းလေးကန်ဘေးမဲ့တော ဧရိယာအတွင်း မင်းချောင်းရှေ့ရွာအနီးရှိ ရေခြံများအတွင်း၌ ကေလာကျေးရွာမှ ဦးမြင့်ဆွေ(၅၃)နှစ်၊ ဦးဖိုးကျား(၂၈)နှစ်၊ ဦးဆန်းဦး(၂၂)နှစ်တို့သည် ဟွန်ဒါစက်တပ် လက်လှော်လှေနှစ်စင်းနှင့်အတူ ဘက်ထရီရှော့တိုက်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးနေသည်ကို တွေ့ရှိသဖြင့် မင်းချောင်းရှေ့ရွာမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့်ဒေသခံ ကိုးဦးတို့ကဝိုင်းဝန်းဖမ်းဆီး၍ အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးသို့ အပ်နှံခဲ့သည်။

အင်းလေးကန်သည် သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ပြီး ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းကြောင့် ကန်အတွင်းရေပေါ်ရေအောက် အပင်နှင့်ရေနေသတ္တဝါများ သေကျေပျက်စီးနိုင်ရုံသာမက ရေတိမ်ဒေသ ဂေဟဖြစ်စဉ်များပါ ပျက်စီးသွားစေနိုင်သောကြောင့် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးသူ သုံးဦးအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(ဂ)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၆၇၃)**

ဆီတိုင်ကီပီပါများ သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၉

အင်းစိန်မြို့နယ် တညင်းကုန်း ရပ်ကွက် ရွှေပြည်သာတံတားအဆင်း ရွှေရည်စံပယ်အထည်ချုပ်စက်ရုံရှေ့တွင် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ဒီဇယ်ဆီတိုင်ကီပီပါများ သယ်ဆောင် လာသည့် လိုက်ထရပ်ယာဉ်တစ်စီး ဝါယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း တင်လင်းအောင် (၂၆)နှစ် ဆိပ်ကမ်းသာလမ်း လှိုင်သာယာ မြို့နယ်နေသူသည် ဆိပ်ကမ်းသာလမ်းမမှ မြတ်အိမ်ရာ (၁)လမ်းအတိုင်း မောင်းနှင်လာသည့် YGN/GE. . . . လိုက်ထရပ်(အညိုရောင်)ယာဉ်မှာ ရွှေရည်စံပယ် အထည်ချုပ်စက်ရုံရှေ့အရောက်တွင် ဝါယာရိန်းရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ ယာဉ်ပေါ်ပါ ဒီဇယ်ဆီတိုင်ကီ ပီပါ ခြောက်လုံးနှင့် ယာဉ်မှာ မီးလောင်ကျွမ်းခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းက ယာဉ်မောင်းတင်လင်းအောင်အား အမှုဖွင့်အရေးယူနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ယာဉ်မီးလောင်မှု ဖြစ်ပွားရာသို့ အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ဦးသန်းထိုက်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၄ ဦး၊ မီးသတ်ယာဉ်ကိုးစီးတို့ဖြင့် မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(၆၈၄)**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာကေသီတင်၊ ပါမောက္ခ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအနေနဲ့ စာမေးပွဲဖြေဆိုရာမှာ မှန်ကန်တိကျပြီး အမှတ်ပြည့်ရစေတဲ့ စနစ်တကျတွက်ချက်ရေးသား ဖြေဆိုနည်းတွေကို သိရှိစေဖို့၊ စာမေးပွဲဖြေဆိုတဲ့အခါ သတိထားသင့်တဲ့အချက်အလက်များကို သိရှိစေဖို့၊ မှားတတ်တဲ့ အမှားတွေကို သိရှိသတိမူမိကြပြီး ရှောင်ကြဉ်နိုင်ကြစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာသင်ခန်းစာကို ရှင်းလင်းဆွေးနွေးပို့ချမှာဖြစ်ပါတယ်။

သင်္ချာဘာသာရပ်ဖြေဆိုရာမှာ စာမေးပွဲဖြေဆိုသူတွေ ပြုလုပ်တတ်တဲ့ အမှားအမျိုးအစားတွေကတော့

(၁) သင်္ချာသင်္ကေတအသုံးအနှုန်းများမှားယွင်းခြင်း၊

(၂) သင်္ချာသဘောတရားများနဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာ မဖော်ပြတဲ့အတွက် အဓိပ္ပာယ်မပြည့်စုံခြင်း၊ ရှေ့နောက် အဆက်အစပ် ပြတ်တောက်ခြင်း၊

(၃) အရေးကြီးတဲ့ တွက်ချက်မှုအဆင့်များ၊ အချက်အလက်များမပါခြင်း၊ မေးခွန်းက တောင်းဆိုတဲ့အဖြေရရှိသည်အထိ ရေးသားဖြေဆိုမှု မရှိခြင်း၊

(၄) ပုစ္ဆာကသတ်မှတ်ပေးထားတဲ့ တွက်နည်းနဲ့မတွက်ဘဲ အခြားနည်းများ အသုံးပြု၍ ဖြေဆိုတွက်ချက်ခြင်းတို့ ဖြစ်ကြပါတယ်။

ပထမဦးစွာ သင်္ကေတအသုံးအနှုန်းများ မှားယွင်းတတ်ပုံတွေကို ရှောင်ကြဉ်နိုင်ကြစေဖို့ ဥပမာအချို့နဲ့ ရှင်းလင်းဆွေးနွေးပါမယ်။

Function နှစ်ခု f နဲ့ g ပေါင်းစပ်တဲ့ ပုံသေနည်းဖြစ်တဲ့ $(g \circ f)(x) = g(f(x))$ ကို ရေးတဲ့အခါ နှစ်ဖက်စလုံးမှာ ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံနဲ့ အနေအထားမှန်ကန်ဖို့ လိုအပ်ပါတယ်။

ကွင်းတစ်ခုခုကျန်ခဲ့ရင် သို့မဟုတ် အနေအထားမှားယွင်းခဲ့ရင် သင်္ကေတအသုံးအနှုန်း မမှန်ကန်တဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာသွားနိုင်ပါတယ်။ ညာဘက်မှာ $g(f(x))$ လို့ ရေးရမယ့်အစား

$g \circ (f(x))$ ဆိုပြီး circle '$\circ$' သင်္ကေတထည့်ရေးမိရင်လည်း ရသင့်တဲ့ အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ $(2 - 3x)^5$ ဆိုတဲ့ binomial ရဲ့ $(r + 1)$ အကြိမ်မြောက် ကိန်းလုံးကိုရေးသားရာမှာ-

$(r + 1)^{th}$ term of $(2 - 3x)^5 = {}^5Cr\, 2^{5-r}\, (-3x)^r$

ဆိုပြီး $(-3x)$ ကို ကွင်းခတ်ရေးသားရပါမယ်။ ကွင်းခတ်ဖို့ ကျန်ခဲ့ရင် ရေးသားဖော်ပြချက် မှားယွင်းတဲ့အတွက် အမှတ်များဆုံးရှုံးမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ $(r + 1)^{th}$ term ဆိုတဲ့ စကားလုံးကျန်ခဲ့ပြီး

$(2 - 3x)^5 = {}^5Cr\, 2^{5-r}\, (-3x)^r$

လို့ရေးတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့အတွက် အမှတ်များဆုံးရှုံးမှာ ဖြစ်ပါတယ်။ အဲဒီ binomial ရဲ့ 4^{th} term ကို ဖော်ပြရာတွင်လည်း

4^{th} term $= {}^5C3\, 2^{5-3}\, (-3x)^3$

လို့ရေးသားပြီး တွက်ချက်ရမှာဖြစ်တယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့

$$(x + 2)(x - 3) > 0$$

ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ ဖြေရှင်းရာမှာ and နဲ့ or အနေအထားမှားယွင်းမရေးမိဖို့ ကွင်းများပြည့်ပြည့်စုံစုံနဲ့ အနေအထားမှန်မှန်ကန်ကန်ခတ်ဖို့ လိုပါတယ်။ and နဲ့ or မှားယွင်းရေးခဲ့ရင် သို့မဟုတ် ကွင်းများ မပြည့်မစုံအနေအထားမမှန်ဖြစ်ခဲ့ရင် ရသင့်တဲ့အမှတ်များ နစ်နာပါလိမ့်မယ်။ graphical နည်းနဲ့ ဖြေရှင်းရာမှာလည်း $y = (x + 2)(x - 3)$ ဖြစ်တယ်လို့ ဦးစွာရေးသားပြီးမှ parabola မျဉ်းကွေးနဲ့ ဝင်ရိုးဖြတ်မှတ်များကို ရှာယူ၍ graph ဆွဲပြီး ဖြေရှင်းယူရမှာ ဖြစ်ပါတယ်။

A.P ကိန်းစဉ်တစ်ခုရဲ့ 10^{th} term ကို ရေးသားရာမှာလည်း

$$u_{10} = a + 9d$$

လို့ရေးရမယ့်အစား

$$u_{10} = a + (n - 1)d$$

ဆိုပြီး မှားယွင်းရေးသားခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

Vector သင်ခန်းစာမှာ အမှတ်တစ်ခု၏ coordinates (x, y) နဲ့ ယင်းအမှတ်၏ position vector ဖြစ်တဲ့ column matrix $\begin{pmatrix} x \\ y \end{pmatrix}$ တို့ မှားယွင်းမရေးမိစေဖို့သတိပြုရပါမယ်။

Calculus သင်ခန်းစာမှာ $e^{2x}\cos x$ ရဲ့ derivative ကို ရှာတဲ့အခါ $\frac{d}{dx}(e^{2x}\cos x)$ လို့ ရေးရမယ့်အစား $\frac{dy}{dx}(e^{2x}\cos x)$ ဆိုပြီး $\frac{d}{dx}$ ကို $\frac{dy}{dx}$ အဖြစ် မှားယွင်းရေးသားခဲ့ရင် ရသင့်တဲ့ အမှတ်အချို့ဆုံးရှုံးပါလိမ့်မယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာတွေကတော့ function သင်ခန်းစာမှာ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ derivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိဖို့၊ matrix သင်ခန်းစာမှာ matrix တစ်ခု A ရဲ့ inverse သင်္ကေတ A^{-1} နဲ့ transpose သင်္ကေတ A' လွဲမှားပြီး မရေးမိစေဖို့၊ geometry သင်ခန်းစာမှာ သဏ္ဌာန်တူခြင်း (similarity) သင်္ကေတ $\sim$ နဲ့ ထပ်တူညီခြင်း (congruence) သင်္ကေတ $\cong$ လွဲမှားမရေးမိစေဖို့၊ vector သင်ခန်းစာမှာ vector တွေရဲ့ direction ကို ရည်ညွှန်းတဲ့မြားသင်္ကေတများ မကျန်ရစ်စေဖို့နဲ့ calculus သင်ခန်းစာမှာ derivative သင်္ကေတ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{\delta y}{\delta x}$ မှားယွင်းမရေးမိစေဖို့စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ဆက်လက်တင်ပြမယ့် ဒုတိယအမှားအမျိုးအစားကတော့ သင်္ချာသဘောတရားများနဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာမဖော်ပြတဲ့အတွက် အဓိပ္ပာယ်မပြည့်စုံခြင်း၊ ရှေ့နောက် အဆက်အစပ်ပြတ်တောက်ခြင်းစတဲ့ အမှားမျိုးဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ဥပမာများနဲ့ ရှင်းလင်းပါမယ်။

Polynomial $f(x) = 2x^2 - 5x + k$ အတွက် $x - 3$ ဟာ factor တစ်ခုဖြစ်ခဲ့ရင် k ကို ရှာပါဆိုတဲ့ ပုစ္ဆာကိုတွက်ရာမှာ-

$$f(x) = 2x^2 - 5x + k$$

$x - 3$ is a factor of $f(x)$.

$$\therefore f(3) = 0$$

$$18 - 15 + k = 0$$

$$k = -3$$

ဆိုပြီး တစ်ဆင့်ခြင်း ပြည့်စုံစွာ ရေးသားဖြေဆိုရပါမယ်။ factor သီအိုရမ်ကို အသုံးပြုထားချက်

$f(3) = 0$ ဆိုတဲ့ အဓိကအချက်မပါဝင်ခဲ့ရင် အဖြေမှန်ပေမယ့် အမှတ်ရမှာမဟုတ်ပါ။

နောက်ထပ်ဥပမာအနေနဲ့ calculus သင်ခန်းစာမှာ $\lim_{x\to 2}\frac{x^2-4}{x-2}$ တန်ဖိုးကို ရှာခိုင်းတဲ့ ပုစ္ဆာကို တွက်ရာတွင်

ဆိုပြီး ညီမျှခြင်းသင်္ကေတများကို စာတစ်ကြောင်းနဲ့တစ်ကြောင်း အဆက်အစပ်ရှိအောင် ပြည့်ပြည့်စုံစုံ ရေးသားပေးရပါမယ်။ ညီမျှခြင်းသင်္ကေတများမပါဘဲ တွက်ထားခဲ့ရင် တစ်ဆင့်နဲ့တစ်ဆင့် အဆက်အစပ်ပြတ်တောက်ကာ အဓိပ္ပာယ်ဖွင့်မရတဲ့အတွက် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနိုင်ပါတယ်။

Function $y = e^{2x}\cos x$ ရဲ့ derivative ကို တွက်ရာမှာ

$$\frac{dy}{dx} = 2e^{2x}\cos x + e^{2x}(-\sin x)$$

ဆိုပြီး $(-\sin x)$ ကို ကွင်းခတ်ပြီး ရေးရပါမယ်။ $-\sin x$ ကို ကွင်းမခတ်ဘဲ ရေးခဲ့ရင်တော့ အဓိပ္ပာယ် လွဲမှားသွားတဲ့အတွက် အမှတ်များဆုံးရှုံးနိုင်ပါတယ်။

ဆက်လက်တင်ပြမယ့် တတိယအမှားအမျိုးအစားကတော့ အရေးကြီးတဲ့ တွက်ချက်မှု အဆင့်များ၊ အချက်အလက်များမပါခြင်း၊ လိုအပ်တဲ့ အဖြေမရရှိသေးမီ ဖြေဆိုတွက်ချက်မှုကို ရပ်တန့်လိုက်ခြင်းတို့ဖြစ်ပါတယ်။ ဒါကိုလည်း ဥပမာများနဲ့ ဆွေးနွေးရှင်းလင်းပါမယ်။

$x \odot y = 3x^2 - 5xy + 3y^2$ လို့ သတ်မှတ်ပေးထားတဲ့ binary operation တစ်ခု ခသာာကအအေလေန ဖြစ်ကြောင်း သက်သေပြရာတွင်

$$x \odot y = 3x^2 - 5xy + 3y^2$$

$$y \odot x = 3y^2 - 5yx + 3x^2$$

$$= 3x^2 - 5xy + 3y^2$$

$$\therefore x \odot y = y \odot x$$

$\therefore \odot$ is commutative.

ဆိုပြီး ပြည့်စုံစွာရေးသားတွက်ချက်ရပါမယ်။ အထူးသဖြင့် $x \odot y = y \odot x$ ဆိုတဲ့ commutativity ရဲ့ အဓိပ္ပာယ်ကို ဖော်ညွှန်းတဲ့ ရေးသားဖော်ပြချက် မဖြစ်မနေပါရန် လိုအပ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ polynomial $f(x) = x^3 - 3x^2 + 5x - 9$ ကို $x - 3$ နဲ့ စားတဲ့အခါ ရရှိမယ့်အကြွင်း (remainder) ကို ရှာရာမှာ-

$$f(x) = x^3 - 3x^2 + 5x - 9$$

$f(x)$ is divided by $x - 3$.

$$f(3) = 27 - 27 + 15 - 9$$

$$= 6$$

$$\therefore \text{remainder} = 6$$

ဆိုပြီး ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ရပါမယ်။

အချို့စာဖြေသူတွေကတော့

$$f(x) = x^3 - 3x^2 + 5x - 9$$

$f(x)$ is divided by $x - 3$.

$$f(x) = 27 - 27 + 15 - 9$$

$$= 6.$$

အဆင့်နဲ့ ရပ်တန့်ထားပြီး remainder = 6 ဆိုတဲ့ ရေးသားဖော်ပြချက်ကို ချန်ထားတတ်ကြပါတယ်။ ဒီပုစ္ဆာမှာ remainder ဟာ ပုစ္ဆာရဲ့သော့ချက် (keyword) ဖြစ်တာကြောင့် အဲဒီ keyword မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ဆုံးရှုံးပါလိမ့်မယ်။

Inequation တစ်ခု သို့မဟုတ် system of equations တစ်ခုရဲ့ solution set ကို ရှာခိုင်းတဲ့ ပုစ္ဆာမှာ solution တွေကို စုစည်းပြီး set တည်ဆောက်ပေးတဲ့ အဆင့်အထိ တွက်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ညီမျှခြင်းတစ်ခု မှန်ကန်ကြောင်း သက်သေပြခိုင်းတဲ့ ပုစ္ဆာကို ဖြေရှင်းရာမှာ ညီမျှခြင်းရဲ့ လက်ဝဲဘက်နဲ့ လက်ယာဘက်ကို သီးခြားစီတွက်ခဲ့ရင် ပုစ္ဆာက နောက်ဆုံးလိုချင်တဲ့ အဖြေဖြစ်တဲ့ ညီမျှခြင်းရဲ့ လက်ဝဲဘက်နဲ့ လက်ယာဘက် ညီပါတယ်ဆိုတဲ့ ကောက်ချက် (conclusion) ချတဲ့အဆင့်အထိ ရေးပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ကောက်ချက်မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနစ်နာနိုင်ပါတယ်။

နောက်ဥပမာတစ်ခုအနေနဲ့ function သုံးခု f, g နဲ့ h တို့ ပေါင်းစပ်ထားတဲ့ function

$f \circ (g \circ h)$ ရဲ့ ပုံသေနည်းရှာရာမှာ

$$(f \circ (g \circ h))(x) = f((g \circ h)(x))$$

$$= f(g(h(x)))$$

လို့ တစ်ဆင့်ချင်း ပြည့်စုံစွာရေးသားတွက်ချက်ရပါမယ်။

$$(f \circ (g \circ h))(x) = f(g(h(x)))$$

ဟူ၍ အဆင့်ကျော်ပြီး ရေးသားခဲ့ရင် circle operation နှစ်ခုအနက် ဘယ် operation ကိုအရင် ဖြေရှင်းတယ်ဆိုတာ မပါဝင်၊ မပေါ်လွင်တဲ့အတွက် ရသင့်တဲ့အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

ဆက်လက်တင်ပြမယ့် စတုတ္ထအမှားအမျိုးအစားကတော့ ပုစ္ဆာကသတ်မှတ်ပေးထားတဲ့ တွက်ချက်နည်းမျိုးနဲ့မတွက်ဘဲ အခြားနည်းများနဲ့ တွက်ချက်တဲ့ မှားယွင်းမှုများဖြစ်ပါတယ်။

ဥပမာအားဖြင့် inequation တစ်ခုရဲ့ solution set ရှာတဲ့ပုစ္ဆာမှာ graphical method နဲ့ တွက်ပါလို့ သတ်မှတ်ထားရင် အဲဒီနည်းနဲ့ပဲ တွက်ပေးရမှာဖြစ်ပါတယ်။ algebraic method နဲ့ တွက်မယ်ဆိုရင် အဖြေမှန်ပေမယ့် အမှတ်ရမည်မဟုတ်ပါ။ အလားတူစွာ matrix တစ်ခုရဲ့ inverse ရှာတဲ့ပုစ္ဆာမှာ use the definition of inverse matrix လို့ ပြောထားရင် inverse matrix ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကိုသုံးပြီး တွက်ချက်မှသာ အမှတ်ရပါမယ်။ probability တန်ဖိုးတွက်ဖို့ possible outcomes တွေရှာတဲ့အခါ tree diagram ဆွဲ၍ရှာပါလို့ ကန့်သတ်ထားရင် ကန့်သတ်ချက်နဲ့အညီ ရှာပေးဖို့ လိုပါတယ်။ calculus သင်ခန်းစာမှာ function တစ်ခုရဲ့ derivative ကို first principle သုံးပြီးရှာပါလို့ မေးလာခဲ့ရင် အဲဒီ principle သုံးပြီးတွက်ချက်ပေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုသူတွေ ပြုလုပ်တတ်တဲ့အမှားအမျိုးအစား (၄)မျိုးကို ဆွေးနွေးရှင်းလင်းပြီးတဲ့နောက် စာဖြေသူများကို သတိပေးလိုတဲ့ အချက်တစ်ချက်က ကိန်းဂဏန်းများ တွက်ချက်ရှင်းလင်းမှု(numerical calculation) နဲ့ အက္ခရာကိန်းတန်းများစုစည်းရှင်းလင်းမှု (algebraic manipulation)များ ပြုလုပ်ရာတွင်မှားယွင်းမှုမရှိအောင် သတိပြုကြဖို့ ဖြစ်ပါတယ်။ စာဖြေသူတွေ ရသင့်ရထိုက်တဲ့ အမှတ်များကို ဆုံးရှုံးနစ်နာစေတဲ့ အကြောင်းရင်းတွေထဲမှာ ဒီလိုအချက်မျိုးလည်း ပါဝင်နေပါတယ်။

ဆက်လက်ပြီး သတိပေးချင်တာကတော့ Geometry ပုစ္ဆာများဖြေရှင်းရာမှာ လိုအပ်တဲ့ ပုံများကို ပြည့်ပြည့်စုံစုံနဲ့ မှန်မှန်ကန်ကန်ဆွဲသားကြဖို့၊ Trigonometry သင်ခန်းစာမှာ အကွာအဝေး(distance)နဲ့ အရပ်ညွှန်ထောင့် (bearing) ဆိုင်ရာပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်တဲ့ပုံများကို ပြည့်စုံမှန်ကန်စွာဆွဲသားပေးကြဖို့စတဲ့အချက်များဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူများကို အကြံပြုချင်တဲ့ နောက်တစ်ချက်ကတော့ တက္ကသိုလ်ဝင် စာမေးပွဲသင်္ချာမေးခွန်းလွှာမှာပါဝင်တဲ့ section (A), section (B) နဲ့ section (C) အပိုင်းအသီးသီးကို ဖြေဆိုရာမှာ တစ်ပိုင်းစီအတွက် ဖြေဆိုချိန်ဘယ်လောက်ယူသင့်တယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အကြမ်း အားဖြင့် section (A) က multiple choice question (၂၅)ပုဒ်ကို အများဆုံး မိနစ် (၄၀) ခန့်ဖြင့်လည်းကောင်း၊ section (B) က (၃)မှတ်တန် ပုစ္ဆာ (၅)ပုဒ်ကို အများဆုံး မိနစ် (၃၀)ခန့်ဖြင့်လည်းကောင်း၊ section (C) မှ (၁၀)မှတ်တန် ပုစ္ဆာ (၆)ပုဒ်ကို အများဆုံး မိနစ် (၉၀) ခန့်ဖြင့်လည်းကောင်း အပြီး ဖြေဆိုနိုင်ရန် လိုအပ်ပါတယ်။ အဲဒီနှုန်းတွေအတိုင်း ဖြေဆိုနိုင်မယ်ဆိုရင် မိမိတို့ရဲ့ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံးမိနစ် (၂၀)ခန့် ရရှိမှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ရေးသားဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရာတွင် အကြံပြုချင်တဲ့ အချက်တစ်ရပ်ရှိပါတယ်။ အဲဒါကတော့ စာမေးပွဲမှာမေးတဲ့ မေးခွန်းပုစ္ဆာအချို့အတွက် မိမိတို့ရဲ့ အဖြေများ မှန်၊ မမှန် ပုစ္ဆာရဲ့ ပေးထားချက်တွေနဲ့ ပြန်လည်ချိန်ကိုက် စစ်ဆေးကြည့်နိုင်တယ်ဆိုတဲ့အချက်ပါ။

ဥပမာအားဖြင့် Solve the system of equations, $x + 2y = 5$ and $3x - y = 1$ by matrix method ဆိုတဲ့ ပုစ္ဆာကို ဖြေရှင်းလို့ အဖြေ $x = 1$ နဲ့ $y = 2$ ရခဲ့ရင် မိမိတို့ရဲ့ အဖြေများမှန်၊ မမှန်

$x = 1$ နဲ့ $y = 2$ တို့ကို ပေးထားတဲ့ ညီမျှခြင်းများရဲ့ လက်ဝဲဘက်မှာ အစားထိုးကြည့်ပြီး လက်ယာဘက်က တန်ဖိုးများနဲ့ ညီ၊ မညီ ချိန်ကိုက်စစ်ဆေးကြည့်လို့ရပါတယ်။ ဒီလိုချိန်ကိုက် စစ်ဆေးမှုမျိုးဟာ ထိရောက်သေချာပြီး အချိန်ကုန်လည်း သက်သာစေပါတယ်။

ယခုတင်ပြခဲ့တဲ့ ဆွေးနွေးချက်တွေကို စုစည်းပြီး အကျဉ်းချုပ်မှာကြားလိုတာကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်္ချာဘာသာဖြေဆိုရာတွင်-

(၁) ကိန်းဂဏန်းတွက်ချက်မှုနဲ့ အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်းမှုများပြုလုပ်ရာတွင် မှားယွင်းမှုမရှိအောင် သေသေချာချာဂရုစိုက်တွက်ချက်ပါ။

(၂) သင်္ချာပုံသေနည်းများ၊ သင်္ချာသင်္ကေတများကို စနစ်တကျမှန်မှန်ကန်ကန်ရေးသားပါ။

(၃) ပုစ္ဆာတွင် တွက်နည်းကို ကန့်သတ်ထားပါက ကန့်သတ်ထားတဲ့ တွက်နည်းဖြင့်သာ တွက်ပေးပါ။

(၄) အရေးကြီးတဲ့တွက်ချက်မှုအဆင့်များ၊ မပါမဖြစ်လိုအပ်တဲ့ အချက်အလက်များကို အသေးစိတ် ပြည့်စုံတိကျစွာ ရေးသားတွက်ချက်ပါ။

(၅) မေးခွန်းက တောင်းဆိုတဲ့အဖြေရရှိတဲ့အဆင့်အထိ ပြည့်ပြည့်စုံစုံ ရေးသားဖြေဆိုပါ။

(၆) ပုစ္ဆာတွင်မေးထားတဲ့ သော့ချက်စကားလုံး (keyword) များ၊ မိမိတို့ရဲ့အဖြေမှာပါဝင်ပါစေ။

(၇) မိမိတို့ရဲ့ စာဖြေချိန်ကို အပိုင်းတစ်ခုစီအလိုက် စနစ်တကျခွဲဝေအသုံးချပြီး ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန်အနည်းဆုံး မိနစ် (၂၀)ခန့်ရအောင်ယူလျက် ပြန်လည်စစ်ဆေးကြပါ။

(၈) သင်္ချာသင်ရိုးတစ်ခုလုံးမှာပါတဲ့ သီအိုရီသဘောတရားတွေ၊ မှန်ကန်ချက်တွေ၊ ပုံသေနည်းတွေကို ပိုင်ပိုင်နိုင်နိုင် နားလည်မှတ်မိနေအောင် လေ့လာထားကြပါ။ ပုစ္ဆာများကိုကျွမ်းကျွမ်းကျင်ကျင် လျင်လျင်မြန်မြန် ဖြေရှင်းနိုင်အောင် ထပ်တလဲလဲလေ့ကျင့်ထားကြပါ။

ယခုဆွေးနွေးအကြံပေးခဲ့တဲ့ အချက်အလက်တွေဟာ သင်္ချာဘာသာရပ်ကို ဖြေဆိုရာမှာ ကောင်းစွာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကျောင်းသား ကျောင်းသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ သင်္ချာဘာသာရပ်ကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေး ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

၂၀၂၀ တိုကျိုအိုလံပစ်ပွဲတော်အတွက် NHK ၏ကမ္ဘာ့ပထမဦးဆုံး

ရုပ်မြင်သံကြားနည်းပညာ

ဂျပန်အများပြည်သူ့ဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းဖြစ်တဲ့ NHK က တိုကျိုမှာကျင်းပမယ့် ၂၀၂၀ အိုလံပစ်ပွဲတော်နဲ့ မသန်စွမ်းအားကစားပွဲတော်မှာ Coverage အပြည့်အဝရရှိစေဖို့နှင့် ကြည့်ရှုသူတွေ အားကစားကွင်းထဲ အမှန်တကယ်ရောက်ရှိနေသလို ခံစားနိုင်စေဖို့အတွက် အလွန်အဆင့်မြင့်တဲ့ နည်းပညာတစ်ရပ်ကို အသုံးပြုထုတ်လွှင့်သွားဖို့ အားထုတ်ကြိုးပမ်းနေပါတယ်။

ယင်းအားကစားပွဲတော်ကို Super 8K စနစ်နဲ့ထုတ်လွှင့်သွားမှာဖြစ်ပြီး Sky ရုပ်သံလိုင်းက မကြာသေးမီ ကာလကပဲ 4K နည်းပညာကို အသုံးပြုပြီး ပရီမီယာလိဂ်ပွဲစဉ်တွေကို ထုတ်လွှင့်ခဲ့ရာမှာ အသံပိုင်း၊ အရုပ်ပိုင်း များစွာတိုးတက်လာတာကို တွေ့ရပါတယ်။

မူလက NHK ဟာ 4K ထက်ပိုပြီး အဆင့်မြင့်တဲ့ 8K နည်းပညာကို အသုံးပြုပြီး အိုလံပစ်ပြိုင်ပွဲ ပွဲစဉ်တလျှောက် ထုတ်လွှင့်ဖို့ ရည်ရွယ်ထားခဲ့ပေမယ့်လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက တိုကျိုမြို့ကို ၂၀၂၀ အိုလံပစ်ပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပွဲ ကျင်းပဖို့ ရွေးချယ်ခဲ့တာကြောင့် 8K ထက်သာလွန် ကောင်းမွန်တဲ့ Super 8K စနစ်နဲ့ထုတ်လွှင့်ဖို့ အားထုတ်လာခဲ့တာဖြစ်ပါတယ်။

NHK အနေနဲ့ နောက်ထပ်ရရှိထားတဲ့ အတွေ့အကြုံကောင်း တစ်ခုက ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲမှာ BBC နှင့်ပူးပေါင်းပြီး 8K စနစ်နဲ့ အိုလံပစ်ပွဲစဉ်အချို့ကို ဂျပန်မှာထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် NHK အင်ဂျင်နီယာချုပ် ဟာမာဒါတို့က လန်ဒန်အိုလံပစ်မှာ အများပြည်သူအတွက် 8K ရုပ်သံလွှင့်စနစ်ဆိုတာကို သဘောပေါက်စေဖို့ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ NHK ရဲ့ သုတေသနပြုချက်အရ 8K ထုတ်လွှင့်မှု ခရီးလမ်းကြောင်းကို ၁၉၉၅ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပြီး ပထမဦးဆုံးအနေနဲ့ 2D ရုပ်မြင်သံကြားစနစ်ကို စတင်ထုတ်လွှင့်နိုင်ခဲ့ကာ 8K စနစ်ကို တဖြည်းဖြည်းကူးပြောင်းလာခဲ့တာဖြစ်ပါတယ်။

NHK အနေနဲ့ 8K စနစ်လက်တွေ့စမ်းသပ်ထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ်မှာစတင်မှာဖြစ်ပြီး လုံးဝစစ်မှန်တဲ့ Super 8K စနစ်နဲ့ ထုတ်လွှင့်မယ့် အစီအစဉ်တွေကို အိမ်ထောင်စုပေါင်း သန်း ၅၀ ဆီကို ၂၀၂၀ မှာ အပြီးရောက်ရှိနိုင်ဖို့ ပစ်မှတ်ထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဟာမာဒါကပြောကြားခဲ့ရာမှာ 8K စနစ်ကိုအလုံးစုံ ပြောင်းလဲဖို့ ထုတ်လုပ်ရေး ပစ္စည်းတွေနဲ့ ထုတ်လွှင့်မှု-စနစ်တွေ ထပ်မံဖြည့်ဆည်းဖို့လိုအပ်နေသေးတယ်။ အခုလက်ရှိ NHK အနေနဲ့ကြည့်ရှုသူအိမ်ထောင်စု သန်း ၅၀ လောက်ရှိနေပြီး မြေပြင်အခြေစိုက် (Terrestrial)ရုပ်သံလွှင့် လိုင်းနှစ်လိုင်း၊ ဂြိုလ်တု (Satellite) ရုပ်သံလွှင့်လိုင်း နှစ်လိုင်းတို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီရဲ့အဆိုအရ လန်ဒန်အိုလံပစ်ပွဲက ကမ္ဘာတစ်ဝန်းကြည့်ရှုသူ ၃ ဒသမ ၆ ဘီလီယံအထိရှိခဲ့တဲ့အတွက် NHK အနေနဲ့ တိုကျိုအိုလံပစ်မှာ ကြည့်ရှုသူနှုန်းတွေ များစွာတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် NHK စက်မှုအင်ဂျင်နီယာတွေအနေနဲ့ ကမ္ဘာ့ပထမဆုံး Super 8K စနစ်နဲ့ ၂၀၂၀ တိုကျိုအိုလံပစ်ပွဲကို ထုတ်လွှင့်ဖို့ကြိုးပမ်းနေခြင်း ဖြစ်ပါတယ်။ **မေလှဲ့သင်း**

w, fvDrSifmeut jreftwjzifmf

တယ်လီနောမြန်မာသည် အင်တာနက်အမြန်နှုန်းတိုးမြှင့်ရန် ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအင်တာနက်ဆက်ကြောင်းနှင့် ချိတ်ဆက်၍ ဘန်ဝဒ်ပမာဏ 10GB ကို ဖေဖော်ဝါရီလအတွင်း တိုးချဲ့သွားမည်ဟု သိရသည်။

ထို့ပြင် တယ်လီနောသည် ပြည်တွင်း၌ လက်ရှိအသုံးပြုနေသော 3G စနစ် အင်တာနက်မြန်နှုန်းကို အစိုးရခွင့်ပြုချက်နှင့် ပြည်တွင်း၌ အသုံးပြုသူများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး 4G စနစ်မြှင့်တင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒီမှာလူအများစုက 3G စနစ်နဲ့ဖုန်းတွေကိုပဲ သုံးနေတယ်။ 4G ထောက်ပံ့ပေးနိုင်တဲ့ ဖုန်းကလည်း နည်းနေသေးတဲ့အတွက် မလုပ်ဖြစ်သေးတာပါ။ အစိုးရရဲ့ခွင့်ပြုပေးမှုပေါ်မှာလည်း မူတည်ပါတယ်"ဟု တယ်လီနော မြန်မာ အမှုဆောင်အရာရှိချုပ် ပီတာဖာဘတ်က ပြောသည်။

ထိုင်းနိုင်ငံနှင့် ချိတ်ဆက်၍အင်တာနက်ဘန်ဝဒ်တိုးချဲ့ရယူနိုင်ရန် ပြည်တွင်းဖိုက်ဘာဆက်ကြောင်းသစ်ကို ပြီးခဲ့သည့်လကဆွဲခဲ့ရာ ဘန်ဝဒ်ပမာဏ 10 GB ခန့်ကို စတင်ချိတ်ဆက်ရယူမည်ဖြစ်ပြီး လိုအပ်ချက်ပေါ်မူတည်၍ အင်တာနက်ဘန်ဝဒ်ရယူနိုင်ရန် စီစဉ်ထားကြောင်းလည်း ၎င်းကပြောသည်။

လက်ရှိတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးကိုးခု၌ ကွန်ရက်ဖြန့်ကြက်ထားပြီး ဆင်းမ်ကတ်ပေါင်း သုံးသန်းကျော်ရောင်းချပေးထားကြောင်းနှင့် ဆင်းမ်ကတ် ၁ ဒသမ ၅ သန်းကို နိုင်ငံတစ်ဝှမ်းသို့လည်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်သက်

○

လိုင်းဆွဲအားနှစ်ဆခန့် ကောင်းမွန်စေမည့် Reach 79 အိုင်ဖုန်းကာဗာ

လက်စ်ဗေးဂက်စ်တွင် ကျင်းပခဲ့သော အီလက်ထရွန်နစ်ကုန်ပစ္စည်းပြပွဲ CES တွင်ထုတ်ဖော်ပြသခဲ့သည့် Rseach 79 အိုင်ဖုန်းကာဗာသည် လိုင်းဆွဲအားကိုနှစ်ဆခန့်ကောင်းမွန်စေပြီး ဘက်ထရီကုန်လည်းသက်သာကာ ဖုန်းပြောနေစဉ်ဖုန်း လိုင်းကျသွားခြင်းမျိုးမရှိအောင်လည်း စွမ်းဆောင်ပေးနိုင်သည်ဟု ဆိုသည်။

ယင်းကာဗာထဲတွင် ညှပ်ထည့်ထားသော ရွှေသားအင်တာနာက လိုင်းဆွဲအားပိုမိုကောင်းမွန်အောင် အင်တာနက် ပိုမိုမြန်ဆန်အောင် ဖန်တီးပေးနိုင်ခြင်းမှာ ကာဗာပလက်စတစ်သားအတွင်း ထည့်မြှုပ်ထား သောရွှေသားအင်တာနာသည် အိုင်ဖုန်းထဲရှိ အင်တာနာနှင့်ကြိုးမဲ့ချိတ်ဆက်ကာ အလုပ်လုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။ ထိုအင်တာနာနှစ်ခု ပေါင်းစည်း၍ ပိုမိုကောင်းမွန်သော လိုင်းဆွဲအားကို သူ့အလိုလို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

Reach 79 ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဗစ်ဂယ်လ်က " Reach 79 ကာဗာ ထဲမှာရှိတဲ့ အင်တာနာကို အိုင်းဖုန်းမှာရှိတဲ့ အင်တင်နာရဲ့ဦးတည်ရာတွေအတိုင်း လိုက်ပြောင်းနေမှာမဟုတ်ပါဘူး။ ဒီကာဗာထဲမှာရှိတဲ့ အင်တာနာက ၃၆၀ ဒီဂရီအတိုင်း လှည့်ပြီး အလုပ်လုပ်နိုင်တဲ့အတွက် သူ့ဟာသူအလိုလို အိုင်ဖုန်းထဲက အင်တာနာနဲ့ချိတ်ဆက်လုပ်ဆောင်နေမှာဖြစ်ပြီး ဒေါင်းလုဒ်ဆွဲရင်လည်း သိသိသာသာနှုန်းက ပိုပြီးမြန်ဆန်လာမှာဖြစ်တယ်"ဟုဆိုသည်။

ယင်းကယ်လီဖိုးနီးယားအခြေစိုက် နည်းပညာကုမ္ပဏီက ၎င်းတို့၏ကာဗာအသစ်ကို AT&T\ LTE band နှင့် Verizon တို့နှင့် စမ်းသပ်ခဲ့ပြီး ယခုလို အတည်ပြုချက် ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

Reach 79 ကာဗာသည် ပေါ့ပါးသော ပလတ်စတစ်သားတစ်မျိုးဖြင့် ပြုလုပ်ထားပြီး အမြင့် ၆ ဒသမ ၆ ပေမှ ပြုတ်ကျသည့်တိုင် ပျက်စီးမှုမရှိအောင် ကာကွယ်ပေးနိုင်သည်။ ယခုအခါ အမဲရောင်တစ်မျိုးသာ ထုတ်လုပ်နိုင်သေးပြီး ယင်းကာဗာပေါ်တွင် ဗွီပုံသဏ္ဌာန်များ ပုံဖော်ထားရှိကာ အတွင်းပိုင်းတွင် ရွှေအင်တာနာတစ်ခုမြှုပ်နှံထားသည်။ သို့သော် အိုင်ဖုန်းအားလုံးအတွက် အသုံးမပြုနိုင်သေးဘဲ i Phone 6 ESifh 6 Plus တို့အတွက်သာ ထုတ်လုပ်ထားသေးသည်။ နောက်ပိုင်းတွင် အရောင်စုံ အိုင်ဖုန်းအမျိုးအစားပေါင်းစုံအတွက် ထုတ်လုပ်သွားမည်ဖြစ်သည်။

မေလှဲ့သင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆အရှေ့၊ မြေကွက်အမှတ်-၁၁၀၃/ခ၊ မြေကွက်တည်နေရာအမှတ်-၁၁၀၃/ခ၊ အောင်သုခ(၁၉)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်အေး အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဦးကျော်အေး(ဖခင်)နှင့် ဒေါ်ခင်ငွေ(မိခင်)တို့ ကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသော ၁။ဦးသန်းဇော်[၁၂/သကတ(နိုင်)၁၅၁၇၀၅]၊ ၂။ဒေါ်လှလှအေး [၁၂/သကတ(နိုင်)၁၃၅၆၃၅]၊ ၃။ဒေါ်အိအိခိုင်[၁၂/သကတ(နိုင်)၁၆၀၀၇၈]၊ ၄။ဒေါ်သူဇာဝင်း[၁၂/ဒဂတ(နိုင်)၀၈၀၇၉၉] မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄တောင်၊ မြေကွက်အမှတ်-၆၉၁/က၊ မြေကွက်တည်နေရာအမှတ်-၆၉၁/က၊ အောင်မေတ္တာလမ်း၊ ၄တောင်ရပ်ကွက်၊ သာကေတမြို့နယ် (၁။ဦးစိန်ဝင်း၊ ၂။ဒေါ်လက်ချိမ်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစိန်ဝင်း (ISN-၄၄၅၉၉၈)၊ ၂။ဒေါ်လက်ချိမ်း(TKA-၀၂၄၃၇၈) တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၈၈၄/၂၀၁၄)ရသူ ဦးကျော်မင်းထိုက်[၁၀/ခဆန(နိုင်)၀၃၆၇၀၄]မှ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၉၈ခုနှစ်တွင် ဦးစိန်ဝင်း+၁ မှ အရောင်းမြေပုံကူးခဲ့ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ မသိရှိကြောင်း ဝန်ခံကတိနှင့် ကျမ်းကျိန်လွှာ တင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ အိုးအိမ်၊ မြေကွက်အမှတ်-၇၅၆/ခ၊ မြေကွက်တည်နေရာအမှတ်-၇၅၆/ခ၊ ရွှေအုတ်ဂူ(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးတင်နွယ်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်နွယ် (ဖခင်) နှင့် ဒေါ်ခင်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ဦးတင်မောင်အေး[၁၂/သကတ (နိုင်)၀၅၄၄၃၄]၊ ၂။ဒေါ်တင်မာအေး[၁၂/သတက(နိုင်)၀၀၂၉၄၀]၊ ၃။ဦးဇော်မိုး[၁၂/သကတ(နိုင်)၁၂၉၀၅၃] တို့အနက်(၂/၃)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၃၅၆/၂၀၁၄)ရသူ အမှတ်စဉ်(၁)မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးတင်မောင်ဝင်း LC-03 [၁၂/လမတ(နိုင်) ၀၁၅၉၅၄] (ကစ) ဦးမောင်မောင်ကြီး [၁၂/ပဘတ(နိုင်) ၀၁၃၆၈၈](မှ) ဦးစိုးမြင့် [၁၂/ပဘတ(နိုင်) ၀၁၆၉၇၅] ဒေါ်တင်တင်ဝင်း [၁၂/ပဘတ(နိုင်) ၁၁၆၉၇၆](မှ)	ဒေါ်အိအိဖြိုး [၁၂/ပဘတ(နိုင်)၀၃၃၇၆၁]	တိုက်အမှတ်(၉၆/၁၀၀)၊ (၇)လွှာ(A)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အဖိုးတန်သစ်များထုတ်ယူပြီးသော်လည်းဒေသဖွံ့ဖြိုးရေးတိုးတက်မှုမရှိဖြစ်နေ

ကလေး၊ ဇန်နဝါရီ ၂၉

ချင်းပြည်နယ် ကလေးမြို့နယ်ရှိ မဟာမြိုင်တောအတွင်းမှ အဖိုးတန်သစ်များကို လာရောက်ခုတ်ယူနေကြသည်မှာ သစ်ပင်များကုန်သလောက်ရှိနေသော်လည်း ဒေသဖွံ့ဖြိုးရေးမှာမူ တိုးတက်ပြောင်းလဲလာခြင်းမရှိကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"မဟာမြိုင်တောဆိုတာက မြန်မာနိုင်ငံမှာတော့နာမည်ကြီးပဲ။ သစ်ဝါး အစုံထွက်တယ်။ အဖိုးတန်သစ်တွေဆို ပေါမှပေါပဲ။လူနှစ်ယောက်ဖက်လို့ တောင်မရတဲ့ ကျွန်းပင်တွေရှိခဲ့တယ်။ အခုမရှိတော့ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်လောက်ကတည်းက တရားဝင်ရော၊ တရားမဝင်ရော သစ်တွေထုတ်လာခဲ့တာ သစ်တန်ပေါင်းသန်းချီရှိနေပြီ။ ဒါပေမယ့် ဒေသကတော့ ထူးခြားစွာတိုးတက်မလာခဲ့ပါဘူး" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ဒီတောကြီးထဲမှာ သက္ကယ်ကျင်း၊ ချင်းချောင်း၊ ဝေပုံ၊ ကျောင်းကြီး၊ အောင်ချမ်းသာ၊ ပျဉ်းကိုင်းဆိုပြီးရှိတယ်။ လူသူ အရောက်အပေါက်သိပ်မရှိဘူး။ မိုးတွင်းဆို သွားလို့ လာလို့ မလွယ်ကူဘူး။ ခြေကျင်သွားရတယ်။ လှည်းနဲ့သွားရတယ်။ တော်တော်လေးကို ဒုက္ခရောက်တယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်ရင် ဒုက္ခကတော့ မသေးဘူး။ ပညာရေးအတွက်ဆို မိုင်ပေါင်းရာချီဝေးတဲ့ ရေဦး၊ တန့်ဆည် မြို့ကြီးတွေကိုသွားပြီးထားရတယ်။ ကျန်းမာရေးအတွက်ဆို မင်းကင်း၊ ကလေးကို ပြေးရတယ်ဟု ဆက်လက်ပြောသည်။

"သစ်တွေသာ ကုန်သွားတယ်ဗျာ ဒေသဖွံ့ဖြိုးရေး ဘာမှဖြစ်မလာဘူး။ ကျွန်တော်တို့ အိမ်ဆောက်ဖို့ တဲဆောက်ဖို့လေး ခုတ်တာကြတော့ ဟိုကတား၊ ဒီကတားနဲ့။ သစ်တွေကို ကားတွေနဲ့ တင်သွားတာကြတော့ဘယ်သူမှမတားဘူး။ အရေးလည်းမယူဘူး" ဟုဒေသခံတစ်ဦးက ပြောသည်။

မဟာမြိုင်တောအတွင်းရှိ သစ်များကို အလုံးလိုက်တင်ပို့နေမည့်အစား ဒေသတွင်း၌ သစ်အချောထည်စက်ရုံတည်မည်ဆိုပါက ဒေသတွင်းပြည်သူများ အလုပ်အကိုင်ရနိုင်ကြောင်း၊ သစ်အချောထည်များကို တစ်ဖက်အိန္ဒိယနိုင်ငံသို့ တမူး-ကလေးဝလမ်းကြောင်းမှ တရာဝင်တင်ပို့နိုင်ကြောင်း ပြည်သူတစ်ဦးက ပြောသည်။

(လင်းလက်ကြယ်စင်)

ကလေးတက္ကသိုလ်နှင့် ချင်းပြည်နယ်သွားရာ ကတ္တရာလမ်းမ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

ကလေး၊ ဇန်နဝါရီ ၂၉

ကလေးမြို့ လှိုင်သာယာရပ်ကွက် နယ်မြေ ၅ အတွင်း ကလေးစက်မှုဇုန်လမ်းခွဲ တက္ကသိုလ်သွားရာလမ်းမဘေးမြောင်းရေတိုက်စားမှုကြောင့် ကတ္တရာလမ်းသား နှုတ်ခမ်းပြိုကျခြင်းမှ ကာကွယ်ရန် မြောင်းရေလမ်းကြောင်းဖြောင့်ခြင်း လုပ်ငန်းနှင့် လမ်းမဘေး လမ်းပခုံး အမာခံမြေသားဖို့ခြင်း လုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရပ်ကွက် နယ်မြေ ၁ အတွင်း ငွေသလ္လာစာကြည့်တိုက်ရှေ့ ချင်းပြည်နယ်သွားရာ ကတ္တရာလမ်းခုံးမြင့်သည့်နေရာ ဖြေလျှော့ပြုပြင်ခြင်းလုပ်ငန်းနှင့် လမ်းမဘေးချဲ့ခြင်းလုပ်ငန်းများကိုလည်း ဇန်နဝါရီ ၂၇ ရက်က ထပ်မံဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို ကလေးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က တာဝန်ယူလျက် စက်ယန္တရားကြီးအသုံးပြုကာ ဆောင်ရွက်ခြင်းကြောင့် ကလေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ယာဉ်ကြီးယာဉ်ငယ် သွားလာရေးတို့တွင် ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

သတ္တမအကြိမ် မန္တလေးအဖေနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဝတ္ထုတိုနှင့် ကဗျာရှည်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး၊ ဇန်နဝါရီ ၂၉

သတ္တမအကြိမ်မြောက် မန္တလေးအဖေနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ်လ ၄ ရက်တွင် မန္တလေးမြို့ ၃၅ လမ်းနှင့် ၈၅ လမ်းရှိ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး (ဦးလှသိန်းဗိမာန်)၌ ကျင်းပမည်ဖြစ်ကြောင်း အဖေနေ့ကျင်းပရေးကော်မတီမှ သိရသည်။

အဖေနေ့အထိမ်းအမှတ် အခမ်းအနားတွင် စာပေဟောပြောပွဲများ၊ မိဘခြေရာခံယူပွဲများ၊ အဖေ့မေတ္တာကို အထူးဖွဲ့ဆိုထားသည့် ဝတ္ထုတိုပြိုင်ပွဲ၊ ကဗျာရှည်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဖေနေ့အထိမ်းအမှတ် ဖိတ်ခေါ် ဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာရှည်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ် ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၂၁ ရက် နောက်ဆုံးထားပြီး ၂၉ လမ်းနှင့် ၈၄ လမ်း၊ ထွန်းဦးစာပေနှင့် အမှတ်(၄၁)၊ ၆၉ လမ်းနှင့် လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆရာကြီးဦးဖုန်းမြင့်အောင်ထံသို့ ပေးပို့နိုင်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၂၀၆၀၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အဖေနေ့အထိမ်းအမှတ် အခမ်းအနားဖြစ်မြောက်ရေးကော်မတီက ထုတ်ပြန်ထားသည်။

အဖေနေ့အထိမ်းအမှတ် အခမ်းအနားတွင် အဖေ့ကျေးဇူး၊ အဖေ့ဂုဏ်အင် အကြောင်းကို သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ ဒေါက်တာဦးထွန်းလွင်(မိုးလေဝသ)နှင့် အကယ်ဒမီများရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်းတို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

ကျေးလက်အခြေခံ မွေးမြူရေး လုပ်သား သင်တန်းဖွင့်လှစ်

မိုးကောင်း၊ ဇန်နဝါရီ ၂၉

မိုးကောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှကြီးမှူး၍ ကျေးလက်ဒေသအခြေခံ မွေးမြူရေးလုပ်သား (CAHW) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်နိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးလင်းတို့က အမှာစကားများပြောကြားခဲ့သည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အခြေခံမွေးမြူရေးလုပ်သား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၄၉၉)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)မြောက်၊ မြေကွက်အမှတ်(၄၁၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၁၄/ခ)၊ အနော်မာ(၂၀)လမ်းအနောက်၊ (၂)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးပါ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးနိုင်မောင်မောင် မှ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၅ဖြင့် ဦးပါအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၉၊ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်အေးအေးမြင့်[၁၂/သကတ(နိုင်) ၀၀၅၄၆၀]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၄၂)၊ မြေကွက်တည်နေရာအမှတ်(၄၂)၊ ပွဲရုံတန်းလမ်း၊ ရတနာပုံ(၁၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးထွန်းရှိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန်(ဖခင်)နှင့် ဒေါ်ငယ်(မိခင်)တို့ ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်သော၁။ဒေါ်မြစိန်[၁၂/သကတ(နိုင်)၀၅၃၃၄၉]၊ ၂။ဦးတင်ဝင်း[၁၂/သကတ(နိုင်)၀၂၄၀၀၂]၊ ၃။ဦးစိုးမြင့်[၁၂/သကတ(နိုင်)၀၂၅၈၈၉]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၃၁/၂၀၁၂)ရသူ ဒေါ်အေးအေးမြင့်[၁၂/မဂဒ(နိုင်)၀၂၁၉၇၀]မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၂၆၅ ၁/၂)၊ မြေကွက်တည်နေရာအမှတ်(၂၆၅ ၁/၂)၊ ဝေပုလ္လ(၆)လမ်း၊ ဦးဝင်းကြည်(အမ်အန်အို-၀၀၂၇၀၉) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးဝင်းကြည် ကွယ်လွန်သဖြင့် ဒေါ်မာနန်း[၁၂/ဥကမ(နိုင်)၀၁၃၅၅၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၂)၊ မြေကွက်အမှတ်(၆၇)နှင့်(၇၄) အမည်ပေါက် ရွှေမြန်မာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ထံမှလည်းကောင်း၊ မြေကွက်အမှတ်(၆၈)၊ (၆၉)၊ (၇၀)၊ (၇၁)၊ (၇၂)နှင့် (၇၃) အမည်ပေါက် ရွှေသဇင်ဆင်ဒီကိတ်ကုမ္ပဏီထံမှလည်းကောင်း၊ ထက်အာကာကျော် လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် မြေငှားလိုင်စင် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်(၇၇၉)၊ မြေကွက်တည်နေရာအမှတ်(၇၇၉)၊ ငမိုးရိပ်(၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးအောင်တင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်တင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိုးမြင့်နိုင်[၁၂/ရကန(နိုင်)၀၅၇၄၃၃]နှင့် ဒေါ်စိုးစန္ဒာလှိုင်[၁၂/သဃက(နိုင်)၀၃၉၆၇၇]တို့က မပြည့်စုံသောပါမစ်မူရင်းတင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ် (၆၉၈/က)၊ မြေကွက်တည်နေရာအမှတ်(၆၉၈/က)၊ အနော်မာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကျင်နု အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်နု(မိခင်)နှင့် ဦးအောင်ညွှန့်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မြင့်မြင့်စိုး [၁၂/သကတ(နိုင်)၀၉၇၀၀၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၃၃၉)၊ မြေကွက်တည်နေရာအမှတ်(၃၃၉)၊ ငုဝါမြိုင်(၂)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (ဦးမောင်သန်း)(CF-005060) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးမောင်သန်းကွယ်လွန်သဖြင့် ဒေါ်ခင်တင့်[၁၂/မဂတ(နိုင်)၀၁၉၃၅၂]က တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 4A(S-၉၂)၊ မြေကွက်အမှတ်(၁၃၄)၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ (ဦးသန်း၊ ဒေါ်အေးသန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသန်း ကွယ်လွန်သဖြင့် ဒေါ်အေးသန်း[၁၂/တမန(နိုင်)၀၂၀၁၁၄]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၁)၊ မြေကွက်တည်နေရာအမှတ်(၈၁)၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမောင်ကြိုင်[၁၂/ဒပန(နိုင်)၀၃၄၁၉၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြရီ[၁၂/ဒပန(နိုင်)၀၀၇၂၇၄]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်ပါရန်နှင့် တင်ပြမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးဆွေဦး[၁၂/ကတတ(နိုင်)၀၁၃၈၁၈] (မှ) ဒေါ်ဟလီမာန် (BTHG-004249) (မှ) ဒေါ်ခင်ဖြူလွင် [၁၂/သကတ(နိုင်)၁၁၈၃၂၄] (မှ)	ဒေါ်သီသီဦး[၁၂/ကတတ(နိုင်)၀၁၆၆၈၅] ဒေါ်တင်တင်အေး [၁၂/ကတတ(နိုင်)၀၂၃၂၈၉] ဒေါ်မြင့်မြင့်ဆွေ [၁၂/ကတတ(နိုင်)၀၂၃၃၉၇]	အမှတ်(၂၀၁/၂၀၃)၊ (၈)လွှာ၊ ဘီ၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

—သတင်းဆောင်းပါး—

ကမ္ဘာလှည့်ခရီးသွားများကို လက်ကမ်းကြိုဆို

à aeZmZmxe(a|u;r)k

ကမ္ဘာ့အလယ်တွင် မြန်မာ့သင်္ကေတ ရိုက်နှိပ်ဖော်ကြူး အပ်သော အံ့ချီးဖွယ်မကုန်နိုင်သည့် စေတီပုထိုးများနှင့် မြန်မာမှုပြုထားသည့် ရှေးဟောင်းယဉ်ကျေးမှုဗိသုကာ လက်ရာများ နိုင်ငံတစ်ဝန်း လည်ပတ်၍မကုန်နိုင်၊ မရိုးနိုင်အောင် ရှိပြီးဖြစ်သည်။

ထိုအခြေခံကောင်းများကို အရင်းခံ၍ အိမ်ရှင်ကောင်းပီသစွာဖြင့် နွေးထွေးဖော်ရွေစွာ ကြိုဆိုကြသည်မှာလည်း မြန်မာလူမျိုးတို့၏ စိတ်ရင်းစေတနာများပင်ဖြစ်ပါသည်။ ထိုရှိရင်းစွဲအခြေခံကောင်းများကို မပျက်စီး၊ မဆုံးရှုံးရန်မှာ တိုင်းရင်းသားအိမ်ရှင်များ၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲတိုးတက်လာမှုများနှင့်အတူ ယနေ့တွင် မြန်မာ့ခရီးသွား လုပ်ငန်းသည်လည်း ဖွံ့ဖြိုးစပြုလာပြီဟု ဆိုရမည်ဖြစ်သည်။ ပွင့်လင်းမြင်သာလာမှု၏ အသီးအပွင့်အဖြစ် မှတ်ယူ၍ရသလို အိမ်သာ၍ ဧည့်လာခြင်းဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ့ဘဏ္ဍာငွေရှာဖွေပေးသော အဓိကလုပ်ငန်းဖြစ်သကဲ့သို့ မီးခိုးမထွက်သည့် စက်ရုံကြီးအဖြစ် တင်စားခေါ်ဝေါ်ကြသည်။ ထို့ကြောင့်လည်း ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက ခရီးသွားလုပ်ငန်းကဏ္ဍကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအနေဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၀၈၇ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ငါးရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ယနေ့တွင် မြန်မာ့ခရီးသွားလုပ်ငန်းသည် သိသာစွာတိုးတက်လာသကဲ့သို့ ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားဧည့်သည်ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် လက်မှုအနုပညာပစ္စည်း ရောင်းချခြင်းလုပ်ငန်းသည်လည်း အရှိန်အဟုန်မြင့် တိုးတက်လာလျက်ရှိသည်။ မြန်မာ့ခရီးသွားလုပ်ငန်း အောင်မြင်လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ အကျိုးစီးပွားများလည်း မြင့်မားတိုးတက်လာသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွင်း ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်းသည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဦးရေ ၂ ဒသမ ဝ၄သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ဝ၈ သန်းခန့် ဝင်ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွက် ကမ္ဘာလှည့်ခရီးသွားဦးရေကို သုံးသန်းကျော် ဝင်ရောက်ရန် မျှော်မှန်းထားခဲ့ရာ မျှော်မှန်းချက်ပြည့်မီကျော်လွန်ခဲ့သဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်လာပြီဟု ဆိုနိုင်ပါသည်။ ရရှိပြီးအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံခြားသားခရီးသွားများ ပိုမိုဝင်ရောက်စေရန်မှာ မြန်မာနိုင်ငံတွင် ရှိနှင့်ပြီးအခြေခံကောင်းများသာမက နိုင်ငံခြားသားခရီးသွားများ၏ လုံခြုံမှုသည်လည်း အဓိကပါဝင်လျက်ရှိပေသည်။

၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှုများတွင် ထိုင်း၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ အများဆုံးလာရောက်လည်ပတ်ကြကြောင်း သိရသည်။ ခရီးသွားဧည့်သည်ဝင်ရောက်မှုကို ၂၀၁၅ ခုနှစ်အတွင်း ငါးသန်း၊ ၂၀၂၀ ခုနှစ်အတွင်းတွင် ၇ ဒသမ ၅ သန်းခန့်အထိ တိုးမြှင့်မျှော်မှန်းထားကြောင်းလည်း သိရသည်။ ထို့ပြင် အာဆီယံခရီးသွားဖိုရမ် ၂၀၁၅ ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) တို့၌ ကျင်းပလျက်ရှိသည်။

ခရီးသွားလုပ်ငန်းကို ဘက်ပေါင်းစုံမှ တိုးမြှင့်လုပ်ဆောင်ကာ အာဆီယံဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိပြီး ငြိမ်းချမ်းသာယာသည့်ကမ္ဘာကြီး ဖြစ်တည်လာစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ အာဆီယံဒေသအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၉၉ ဒသမ ၂ သန်းရောက်ရှိခဲ့ပြီး တိုးတက်မှုမှာ ၁၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိခဲ့သည်။ အာဆီယံနိုင်ငံများအချင်းချင်း လာရောက်လည်ပတ်မှုမှာ ၄၅ ဒသမ ၆ သန်းရှိခဲ့သဖြင့် စုစုပေါင်းခရီးသည်ရောက်ရှိမှု၏ ၄၆ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံအသီးသီးက တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်းကို အထစ်အငေါ့မရှိစေရေးနှင့် နိုင်ငံ့ပုံရိပ်ကို ကောင်းသောပုံရိပ်များဖြင့် ခြယ်မှုန်းနိုင်ရေးအတွက် နိုင်ငံသားများ၏ ရိုးသားဖြူစင်သည့် စိတ်အရင်းခံဖြင့်ကြိုဆိုရင်း လုံခြုံမှုပေးကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပင် မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်နေချိန်နှင့် ရရှိထားသည့်ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ရှေ့တစ်လှမ်းတိုးနိုင်ရေး ပြင်ဆင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ခရီးသွားများလာရောက်လည်ပတ်ရာ နေရာဒေသများတွင် နေထိုင်သူများအနေဖြင့် ထိုဒေသကို မှီငြမ်း၍ မိမိတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အဓိကထား လုပ်ဆောင်နေကြသူများလည်းဖြစ်သည်။ သို့ပါ၍ ထိုဒေသဝန်းကျင်ရှိဒေသခံများအနေဖြင့် ဧည့်သည်ကို ဧည့်ဝတ်ကျေပွန်ရန် ပို၍တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတော်အပိုင်းကလည်း ကမ္ဘာလှည့်ခရီးသွားများအား လုံခြုံမှုအပြည့်အဝပေးရန် တာဝန်ရှိပါသည်။ မိမိတို့ဒေသသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသွားများ၏ စိတ်ချမ်းသာမှုနှင့် လုံခြုံမှုကို မိမိတို့တတ်နိုင်သည့်ဘက်မှ ဖြည့်စွမ်းပေးကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်ရသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပေရာ မိမိတို့၏ မြို့ရွာ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုနယ်မြေများကို အေးချမ်းသာယာပြီး ဆွဲဆောင်မှုရှိသည့် အသစ်အသစ်သော ခရီးစဉ်ဒေသများအဖြစ် ဖော်ထုတ်ပေးခြင်း၊ သွားလာရေးလွယ်ကူကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ နေထိုင်စားသောက်ရေးနှင့် နွေးထွေးဖော်ရွေလုံခြုံသည့် ဝန်ဆောင်မှုကောင်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစွာနေထိုင်ရမှု၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေရရှိမှုတို့အတွက် များစွာအကျိုးဖြစ်ထွန်းရုံမျှမက နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ အများအပြားရရှိလာမည်ဖြစ်သည်။

နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့်အတူ နိုင်ငံ့ဝင်ငွေရှာပေးသည့် မြန်မာ့ခရီးသွားလုပ်ငန်းကို မြင့်မားတိုးတက်ရုံမျှမက ရေရှည်တည်တံ့ခိုင်မာသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်ထွန်းစေရန် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ရိုင်းပင်းကူညီတတ်သည့် မြန်မာတို့၏ ရိုးသားဖြူစင်သောစိတ်ထားများဖြင့် ဆွဲဆောင်သွားကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသခွင့်ရရှိသည့် ယနေ့ကဲ့သို့သောအချိန်အခါတွင် ကျွန်ုပ်တို့နိုင်ငံကို နွေးထွေးလုံခြုံပြီး သာယာချမ်းမြေ့သော အိမ်ကလေးအဖြစ် ဝိုင်းဝန်းတည်ဆောက်ကာ ကမ္ဘာလှည့်ခရီးသွားများကို လက်ကမ်းကြိုဆိုရင်း မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခ)အဆင့် (ပခုက္ကူ)၌ ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနမှ စခန်းမှူးဦးကျော်မင်းသူနှင့် ဌာနခွဲမန်နေဂျာ ဦးသန်းမြင့်အောင်တို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့်အညီ သရုပ်ပြဓာတ်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - အောင်(မန်းတက္ကသိုလ်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)အနောက်ရပ်ကွက်၊ မြေကွက် အမှတ်-၂၉/ခ၊ မြေကွက်တည်နေရာအမှတ်-၂၉/ခ၊ မြေနီ(၂)လမ်း၊ (၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးလွန်းရင်)အမည်ပေါက် နှစ်(၆၀)မြေဂရန်မြေအားအမည်ပေါက် ဦးလွန်းရင်(ဖခင်)နှင့် ဒေါ်လှတင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦး တည်းသောသားဖြစ်သူ ဦးကြည်လွင်[၁၂/သကတ(နိုင်)၀၀၆၆၀၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကဌာနမှ လုပ်ထုံးလုပ်နည်း နှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၆၇၇/က၊ မြေကွက်တည်နေရာ အမှတ်(၆၇၇/က)၊ မြေနီ(၅)လမ်း၊ ၇အနောက် ရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်တင်ရွှေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဒေါ်တင့်ထိုက်မှ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၆ဖြင့် ဒေါ်တင်ရွှေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ နှင့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၆အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် [၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိဟိုတယ်ဇုန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ်-H ၂၊ဧရိယာ(၁၃. ၇၆၅)ဧက၊ဦးစိုးမင်းသန့် (Three Princes Co.Ltd)အမည်ပေါက်အငှားဂရန်မြေကွက်အား အမည်ပေါက် ဦးစိုးမင်းသန့် [၁၂/လမတ(နိုင်)၀၀၂၂၇၀]အဖ အမည်ဦးစိုးလွင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်ခွဲစိတ်ခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အရောင်းအဝယ်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့(၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇-လမ်း အိမ်ရာ၊ တိုက်(၁၀၈-၁၁၀)၊ အခန်း(၇၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးသန်း[၁၂/ပဘတ(နိုင်)၀၂၂၆၈၉]ထံ မှစာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဒေါ်ဇင်သူသူဝင်း[၁၂/ပဘတ(နိုင်)၀၃၂၀၂၁]က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂Z°၊ မြေကွက်အမှတ်-VClass ၄၇၊ မြေကွက်တည်နေရာအမှတ်-၈၊ (၁၃)လမ်း၊ လမ်းမတော်မြို့နယ်၊ ဒေါ်တီစွမ်တီ[၁၂/လမတ(နိုင်)၀၂၇၂၁၂]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တီစွမ်တီ(ခ)ဒေါ်စွမ်တီသည် ၁၂-၈-၂၀၁၁ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဦးကျင်(ခ)ဦးမောင်ကျင်(ခ)တန်ရှန်ချိန်သည် ၂၄-၅-၂၀၀၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် (၁)ဒေါ်ခင်ခင်ဝင်း(ခ)တန်ရှုခင်[၁၂/သဃက(နိုင်)၁၃၃၆၇၄]၊ (၂)ဒေါ်ခင်ဝင်း(ခ) တန်ရှုဟွာ[၁၂/ရကန(နိုင်)၀၄၃၅၅၄]၊ (၃)ဦးသန်းအောင်[၁၂/ဗဟန(နိုင်)၀၈၀၄၄၅]၊ (၄)ဒေါ်ရှုကင်း(ခ)ဒေါ်ရှုခင်[၁၂/လမတ(နိုင်)၀၁၈၈၃၇]၊ (၅)ဒေါ်ရှုအိန်[၁၂/လမတ(နိုင်)၀၁၉၅၀၇]၊ (၆)ဦးသန်းစိန်[၁၂/လမတ(နိုင်)၀၁၈၈၃၅]၊ (၇)ဒေါ်ရှုကြူ(ခ)ဒေါ်ခင်နုဝင်း[၁၂/လမတ(နိုင်)၀၂၄၈၃၀]၊ (၈)ဒေါ်ရှုလွမ်(ခ)ဒေါ်ခင်စန်းဝင်း[၁၂/လမတ(နိုင်)၀၁၈၈၄၁]၊ (၉)ဦးသန်းထွန်း[၁၂/လမတ(နိုင်)၀၁၈၈၃၉]၊ (၁၀)ဒေါ်အေးအေးဝင်း[၁၂/လမတ(နိုင်)၀၂၄၈၂၇]၊ (၁၁)ဒေါ်နီနီဝင်း[၁၂/လမတ(နိုင်)၀၁၈၈၃၈]တို့က သားသမီးတော်စပ်ကြောင်း သေစာရင်းများ၊ ကျမ်းကျိန်လွှာများနှင့်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ခြင်းမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၁၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၉/ခ)၊ ကျော်သူ(၂၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်တင်ဝင်း၊ဦးစံလှိုင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်တင်ဝင်း)၊ ဖခင်(ဦးစံလှိုင်)တို့ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းနွယ်[၁၂/ဥကတ(နိုင်)၀၂၅၇၅၃]မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာရသူ GPဦးကျော်ကျော်မိုး[၁၂/ဗဟန(နိုင်)၀၇၁၀၂၇]ကပါဝါပေးသူ သက်ရှိထင်ရှားရှိသေးကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၄၇၆၉/၁၄)တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၃၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၃၉/ခ)၊(၁၅) ရပ်ကွက်၊ မြင်သာ(၅)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သိန်းတင်၊ မောင်အောင်မြင့်ဦး အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းတင်(အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ၎င်းအစုကို ဒေါ်အုံးကြိုင်[၁၂/ဥကတ(နိုင်)၀၅၄၅၀၄]က တောင်ဥက္ကလာပမြို့နယ်တရားမရုံးတွင် တရားမကြီးမှုအမှတ်(၁၁၅/၁၄)၏ စီရင်ချက်ဖြစ်သော အမွေရပိုင်ဆိုင်ကြောင်း သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂၏ အမိန့်၊ ညီမဝမ်းကွဲတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ မောင်အောင်မြင့်ဦးတို့နှင့်ပူးတွဲပြီး ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၂၄၆(၉-၄-၁၄)နှင့် ၂၆၃၈၀(၂၀-၁၂-၁၃)တို့ဖြင့်ရရှိသူ ဦးတင်လှိုင်[၁၂/ဥကတ(နိုင်)၀၅၈၇၀၃]၊ ဦးလူအေး[၁၂/ဥကတ(နိုင်)၁၅၇၁၇၇]တို့က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း နှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂-၁၃၁၆(၉-၄-၁၄)၊ ၃၆၀၁(၅-၃-၁၄)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၄၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၄၆၇/က)၊ မာဃ(၁၃)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေအကျယ်အဝန်း(၄၀×၆၀)ပေရှိ ဒေါ်အုန်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဒေါ်အုန်းကြည်)နှင့်ခင်ပွန်း ဦးကျော်ဟန်(ခ) ဦးခေမာစာရတို့ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းကြူ[၁၂/ဥကတ(နိုင်)၁၁၆၅၂၂]၊ ဒေါ်ခင်ကြည်လေး[၁၂/ဥကတ(နိုင်)၀၈၇၅၉၈]၊ ဒေါ်ဝေဝေဌေး[၁၂/ဥကတ(နိုင်)၁၁၇၆၈၆]၊ ဒေါ်မြင့်မြင့်သန်း[၁၂/ဥကတ(နိုင်)၁၁၇၉၉၇]၊ ဒေါ်သန်းသန်းဌေး[၁၂/ဥကတ(နိုင်)၁၁၇၆၉၉]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၂၀၁၃(၅-၁၂-၂၀၁၄)၊ ၃၂၀၁၄(၅-၁၂-၂၀၁၄)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးညွှန့်မောင်[၁၂/သဃက(နိုင်)၁၃၀၄၃၅]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၄၁(၁၇-၁၂-၂၀၁၄)၊ ၁၄၂(၁၇-၁၂-၂၀၁၄) ကို တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ်(၂၁၁/က-၂၁၁/ခ)၊ ပေ(၄၀×၆၀)၊မြေကွက်တည်နေရာအမှတ်-၂၁၁/က၊ ပိတောက်(၄)လမ်း၊ ပေါက်တော(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးအောင်ဆိုင်၊ ဦးပြည်အေး အမည်ပေါက်ပါမစ်မြေအား ဦးသန်းကျော်ဌေး[၁၃/လရန(နိုင်)၀၈၂၂၂၅]က(၂၀×၆၀)ပေကို အမည်ပေါက် ဦးအောင်ဆိုင်ထံမှ ဝယ်ယူခဲ့သည့် ၈-၁၀-၂၀၁၃ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ ကျန်(၂၀×၆၀)ပေကို အမည်ပေါက်ဦးပြည်အေးထံမှဝယ်ယူခဲ့သည့် ၂၄-၉-၂၀၁၃ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ပါမစ်တွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရွက်တို့တင်ပြ၍ ဓာတ်ပုံနှင့်မြေနေရာချထား ပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃M၊ မြေကွက်အမှတ်(၆၁)၊ မြေကွက်တည်နေရာအမှတ်(၉)၊ (၄)လွှာ၊ နွယ်နီလမ်း၊ စော/နောက်၊ အလုံမြို့နယ်၊ မောင်ဘိုးသစ်၊ မောင်သွင်နှင့်မကြည်ကြည်မာ၊ အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် မောင်ဘိုးသစ်၊ မောင်သွင်နှင့် မကြည်ကြည်မာတို့(၃)ဦးစလုံး ကွယ်လွန်သဖြင့် မြေး/သား သမီးများဖြစ်သော(၁)ဒေါ်တင်တင်ညို[၁၂/အလန(နိုင်)၀၁၃၁၈၇]၊ (၂)ဒေါ်မြင့်မြင့်ဝင်း[၁၂/အလန(နိုင်)၀၁၃၁၈၄]၊ (၃)ဒေါ်အေးအေးသွင်[၁၂/ဥကမ(နိုင်)၀၈၅၉၄၇]၊ (၄)ဒေါ်ခင်စန်းဝင်း[၁၂/အလန(နိုင်)၀၁၃၁၁၂]၊ (၅)ဒေါ်တင်တင်နွဲ့[၁၂/အလန(နိုင်)၀၁၃၁၀၈]၊ (၆)ဒေါ်သန်းသန်းနွဲ့[၁၂/အလန(နိုင်)၀၁၃၁၂၃]၊ (၇)ဦးစိန်သွင်(ခ)ဘုန်းပြည့်[၁၂/ဒဂတ(နိုင်)၀၂၂၃၀]တို့က ဂရန်ပျောက်ဆုံးကြောင်းရပ်ကွက်၊ မြို့နယ်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ စွန့်လွှတ်ကြောင်းစာချုပ်ရန် ထပ်တိုးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောင်သူများ၏လယ်ယာကဏ္ဍမြင့်တင်ရေးနှင့် လူမှုစီးပွားဘဝဖော်ဆောင်ရေး ဆွေးနွေး

မန္တလေး၊ ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်(၆)အဖြစ် လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင် အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး၊ တောင်သူများကိုယ်စားမန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်းခရိုင်တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက တောင်သူများ လူမှုဘဝမြှင့်တင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချမည့်အစီအစဉ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူများအား အထွက်တိုးမျိုးစပါးများ ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးရေးနည်းစနစ်များ၊ ပံ့ပိုးပေးမည့်အစီအစဉ်၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ကော်မတီဖွဲ့စည်း

မော်လမြိုင်၊ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ငါးလုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် ကျေးရွာကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့နယ်၊ ကော့တွန်ကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကော့တွန်ကျေးရွာတွင် မျှောပိုက်၊ ဘဝန်းပိုက် ရေလုပ်သား ၁၀၀ ကျော်ခန့်ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရေလုပ်သားများ၏ လူနေမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကျပ်သိန်း ၃၀၀ ဖြင့် အရင်းမပျောက် မတည်ငွေများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ခရိုင်ရှိ မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်တို့တွင် မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးရွာပေါင်းကိုးရွာအား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ကျပ်ထောက်ပံ့မည်ဖြစ်ရာ စုစုပေါင်းကျပ်သိန်း ၂၇၀၀ ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဆက်နေမင်းအောင်

ပခုက္ကူတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်ကျင်းပ

ပခုက္ကူ၊ ဇန်နဝါရီ ၂၉

ပခုက္ကူတက္ကသိုလ်၏ (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဘွဲ့နှင်းသဘင်တွင် ပထမပိုင်း ၂၇၀ ဦး၊ ဒုတိယပိုင်း ၃၀၁ ဦး၊ တတိယပိုင်း ၂၈၀ ဦး၊ စတုတ္ထပိုင်း ၃၀၂ ဦးတို့တက်ရောက်ကာ ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးချိုက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းဘွဲ့နှင်းသဘင်သို့ ပခုက္ကူတက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ ပါမောက္ခချုပ် ဒေါက်တာ ဦးချို၊ ဒုတိယဥက္ကဋ္ဌ၊ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုကိုကြီးနှင့် ပညာရေးအဖွဲ့မှ ပါမောက္ခ၊ ဌာနမှူးများ၊ ဘွဲ့ယူမည့်ကျောင်းသား၊ ကျောင်းသူများ၊ မိဘများတက်ရောက်ခဲ့ကြသည်။ **အောင်(မန်းတက္ကသိုလ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

ဟားခါး၊ ဇန်နဝါရီ ၂၉

ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်(အထူး) စီမံချက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချင်းပြည်နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးသည် လွန်စွာအရေးပါကြောင်း၊ အောင်ခြေကျေးရွာများအရောက် မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် ထုတ်ပေးဆောင်ရွက်ရာ၌ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ တာဝန်ရှိသူအဆင့်ဆင့်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးရှိန်ဝင်းက မိုးပွင့်(အထူး) လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ချင်းပြည်နယ်(ပြန်/ဆက်)

Jan - 30, Feb - 11

Tel: 09 449011477, 09 449011366, 09 449011577

Myanmar Imperial College

Lecturer
Business/ Media/ Hospitality & Tourism (Foreign/Local)
- Master Degree or Ph.D in a related subject from an accredited institution
- Minimum 2 years of teaching experience
- Fluency in English

Assistant Programme Manager (MBA Programme)
- Master Degree in Business Administration from an accredited institution
- Minimum 2 years of working experience in education industry
- Be able to lead the programme with innovations

Manager

Marketing Officer

Student Service Officer

Librarian

Receptionist

www.mic-education.com

09 73210001/ 01 537562

IGCSE (Cambridge & edexcel)

Sec. I, II, III

Myanmar Dance and Drama

Ye Dway

၂၀၁၄–၂၀၁၅ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ငွေပေးအပ်

တောင်ကြီး၊ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်အတွင်း တောင်နီကျေးရွာအုပ်စု မိုင်းသော်အနောက်ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက သိမ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ မတည်ငွေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်အောင်မြင်နိုင်ရန် ပြည်သူလူထုနှင့် အမြဲပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုရရှိစေရန် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုကို ရှေ့ရှု၍ ကြိုးစားအားထုတ်သွားကြရန်လိုကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက သိမ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးကို ရေလှောင်ကန် တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ကွန်လုံကျေးရွာအုပ်စု၊ သိမ်အင်းကျေးရွာအား စိမ့်စမ်းရေသွယ်တန်းခြင်းအတွက် ငွေကျပ် သိန်း၂၀ ကိုလည်းကောင်း သိမ်အင်းကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ထောက်ပံ့ငွေပေးအပ်ပွဲသို့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ လွှတ်တော်ကိုယ်စားလှယ် အမှုဆောင်ဦးဇော်ဇော်၊ ဒေသခံများ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

စိုင်းသန်းကျော် (တောင်ကြီး)

အဓိကလမ်းမကြီးဖြစ်လာမည့် မန္တာ–ရေရှင်လမ်းဖောက်လုပ်

ကလေး ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြစ်သာမြစ်အရှေ့ဖက်ကမ်းကျေးရွာ ၂၂ ရွာဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ကာ မြေသားလမ်းအရှည် ၇ မိုင် အကျယ် ၁၈ ပေရှိ မန္တာ-ကျောက်ပြုတ်-ကျောက်ဆင်-အင်းကျွန်း-ရေရှင် ကုန်ထုတ်လမ်းမကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၇၉ သန်းဖြင့် ထက်ရတနာထွန်းကုမ္ပဏီမှ တာဝန်ယူ ဖောက်လုပ်နေကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်နေမှုအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်ကျော်မျိုး ၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌဦးသန်းထွန်းတို့ လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

“ဒီဖက်ရွာတွေမှာက ပဲနီ၊ ပဲကြား၊ ပဲစင်းငုံ၊ နှမ်း၊ နေကြာမျိုးစုံထွက်ပါတယ်။ အရင်တုန်းကတော့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ကလေးမြို့တို့၊ ဂန့်ဂေါမြို့တို့ပို့မယ်ဆို ဟံသာဝတီကနေတစ်ဆင့် လှည်းတွေနဲ့ ပို့ရတယ်။ အဲဒီကမှ ကားနဲ့၊ ရထားနဲ့ပို့ပေးခဲ့ရပါတယ်။ အခု ဟံသာဝတီဖက်ကိုလည်း ကျောက်ချောလမ်းတွေ ခင်းနေပြီ။ မြစ်သာမြစ် အရှေ့ဖက်ကမ်းရွာတွေဖက်မှာဆိုလည်း ကားကြီးတွေ ဝင်ထွက်လို့ရအောင် ကျေးရွာချင်းဆက်လမ်းတွေ ဖောက်နေပြီဆိုတော့ ဒီဖက်ရွာတွေက မကြာမီ တိုးတက်လာတော့မှာပါ” ဟု ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်နည်းပါးစေရေးနှင့်ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းတံတားများကောင်းမွန်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

လင်းလက်ကြယ်စင်

မီးဘေးကာကွယ်ရေးသရုပ်ပြ

မိုင်းဆတ်၊ ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်ဦးစီးမှူး ဦးအောင်မင်းနှင့် တပ်ဖွဲ့ဝင် ၄၀ ဦးတို့က မီးသတ်ယာဉ် လေးစီးဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မဈေးကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **သန်းဇော်(ပြန်/ဆက်)**

Bar Camp Yangon 2015 အွန်လိုင်းမှစာရင်းပေးသူပြည့်ပြီ

ရန်ကုန်၊ ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ MICT Park တွင် ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် ကျင်းပမည့် ခြောက်ကြိမ်မြောက် Bar Camp Yangon 2015 သို့ အွန်လိုင်းမှ စာရင်းသွင်းသည့်တက်ရောက်လိုသူ ၃၀၀၀ ကျော်ရှိပြီး သတ်မှတ်ဦးရေပြည့်ပြီဖြစ်ကြောင်း Bar Camp Organizer တစ်ဦးထံမှ သိရသည်။

ဖွင့်ပွဲအခမ်းအနားကို MICT Park, Conference Hall, လှိုင်တက္ကသိုလ်ဝင်း ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ BarCampYangon ကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ်အထိ ငါးကြိမ်အတွင်း တက်ရောက်သူ စုစုပေါင်း နှစ်သောင်းကျော်ရှိခဲ့ပြီး နိုင်ငံတကာ Bar Camp များနှင့်မတူ တက်ရောက်သူ အများဆုံးစံချိန်တင်ခဲ့သည့်အပြင် နိုင်ငံတကာမှ တက်ရောက်လာသည့် Bar Camper အရေအတွက်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။

နိုင်ငံတကာမှ တက်ရောက် လာသည့် Bar Camper များမှလည်း နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများ အသိပညာများနှင့် အတွေ့အကြုံများကို နှီးနှောဖလှယ် နိုင်သည့်နေရာဖြစ်ပြီး ခေါင်းစဉ်တစ်ခုကို ဆွေးနွေးချိန် ၄၅ မိနစ်ခန့် သတ်မှတ်ထားပြီး လိုအပ်သည့်အကူပစ္စည်းနှင့်အခန်းအကူများစသည့် ထောက်ပံ့မှုများ ပေးထားမည်ဖြစ်သည်။

“လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြဖို့၊ အဆင့်အတန်းမခွဲခြားဖို့၊ မတူကွဲပြားမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ လူငယ်များ ပိုမိုတိုးတက်လာစေဖို့၊ ဝါတနာတူများစုစည်းပြီး အောင်မြင်တဲ့ အနာဂတ်များ ရရှိစေဖို့၊ အစရှိတာတွေကို အခြေခံပြီး နှစ်စဉ်နှစ်တိုင်း Bar Camp ကို ပြုလုပ်ရခြင်း ဖြစ်ပါတယ်” ဟု Bar Camp ပြန်ကြားရေးတာဝန်ခံက ပြောကြားခဲ့သည်။

ဖိုးသန့်





သမိုင်းဝင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ၁၀၉ နှစ်တိုင်ခဲ့ပြီ

à owif"wfkbDDf



၁၉၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တိရစ္ဆာန် ဥယျာဉ်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ၁၀၉ နှစ်သို့ တိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် ၁၉၄၁ ခုနှစ် အတိတ်သမိုင်းဆီက စစ်ဘေးဒဏ်ကြောင့် ပျက်ဆီးပျောက်ပျက်တော့မည့်အရေးမှ တာဝန်သိဝန်ထမ်းတို့၏ စွမ်းစွမ်းတမံကာကွယ်ခဲ့မှုများကြောင့် ယခုဆိုလျှင်ဖြင့် အဆိုပါရှေးဟောင်းစာရင်းဝင် တိရစ္ဆာန်ဥယျာဉ်ကြီးထဲတွင် (၁၀၉)နှစ် သက်တမ်း၏ပျော်ရွှင်မှု ပျော်ပွဲရွှင်ပွဲများကို မိဘပြည်သူများ၊ ကလေးသူငယ်များ ပျော်ပျော်ပါးပါးဆင်နွဲခွင့်ရရှိခဲ့ကြပြီဖြစ်သည်။

၁၉၄၂ ခုနှစ်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ Mr. Justic Dunkiey နှင့် ဒုတိယဥက္ကဋ္ဌ Mr.Christopher တို့သည် ရန်ကုန်တိရစ္ဆာန်ရုံကိုထားရစ်ခဲ့ပြီး ရန်ကုန်မြို့မှ စွန့်ခွာကြရာ Mr. GM Christoffelsz က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်တပ်မတော် အုပ်ချုပ်ရေးအဖွဲ့သည် Mr.Patzert အား ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တာဝန်ခံအရာရှိအဖြစ် ခန့်အပ်ထားခဲ့ကြောင်းနှင့် ထို့နောက် ၁၉၄၃ တွင် ဦးကျော်သိန်း ဆိုသူအားလည်းကောင်း၊ ထိုမှတစ်ဆင့် ခေတ်အဆက်ဆက် လူပုဂ္ဂိုလ်များ ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ကြောင်းသိရသည်။

အကျယ်အဝန်းအားဖြင့် ၆၉ ဒသမ ၂၉ ဧကကျယ်ဝန်းသော တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ အော်ရန်အူတန် လူဝံများ၊ ချင်ပန်စီမျောက်ဝံများ၊ မျိုးသုဉ်းလုနီးပါးရှိသော ကြံ့များ၊ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝံပုလွေနှင့်ဆင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ မြန်မာ့မျိုးရင်းကျေးငှက်သာရကာများစသည့် တိုင်းပြည်၏ အဖိုးတန်တောရိုင်းတိရစ္ဆာန် သံယံဇာတများသည် လွန်ခဲ့သော နှစ်များစွာကပင် ယနေ့အချိန်အထိ အမျိုးအစားစုံလင်စွာတည်ရှိနေဆဲပင်ဖြစ်သည်။

ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ၁၀၉ နှစ်မြောက် ပျော်ပွဲရွှင်ပွဲကို ကျင်းပရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက“ ၁၀၉ နှစ်က ကြိုပြီး စီစဉ်ထားတာတော့ မရှိဘူး။ ဒါပေမယ့် စည်စည်ကားကားဖြစ်သွားပါတယ်။ရုံကိုလာကြည့်တဲ့ကလေး တွေအကုန်လုံးကို ကံစမ်းမဲဗလာမပါ နှိုက်ပေးတယ်။ ခြင်းအလှခတ်တာ၊ ထူးထူးခြားခြား မျက်လှည့်ပွဲလည်းပါတယ်။ နောက်ပြီး တိရစ္ဆာန်အလိမ္မာပြကွက်တွေကိုလည်း အခမဲ့ကြည့်ရှုခွင့် ပေးထားပါတယ်။ နောက်နှစ်မှာ လုပ်မယ့် (၁၁၀)ပြည့်က ကြိုတင်ပြင်ဆင်ချိန်ရတော့ လာရောက်အပန်းဖြေမယ့် ကလေးတွေ၊ မိဘပြည်သူတွေကို ပိုပြီး ကောင်းတဲ့ အစီအစဉ်တွေနဲ့ တင်ဆက်သွားမှာပါ”ဟုပြောသည်။ ပျော်ပွဲရွှင်ပွဲ၌ ဆင်များ၏ကိုယ်ပေါ်တွင် (၁၀၉)နှစ် စာတမ်းကိုရေးသားပြီး ကြည့်ရှုသူများကို လှည့်လည်ကပြခဲ့သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲတွင် ရုက္ခဗေဒ၊ သတ္တဗေဒကျောင်းသားများနှင့် အများပြည်သူများ အနေဖြင့်တိရစ္ဆာန်များနှင့်ပတ်သက်၍ လေ့လာနိုင်ရန် ပညာပေးပြခန်းကို စနေ၊တနင်္ဂနွေ အစိုးရရုံးပိတ်ရက်များတွင်ဖွင့်လှစ်ထားပြီး အများပြည်သူများ စိတ်လက်ချမ်းသာစွာ အနားယူ အပန်းဖြေနိုင်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်နေ ကြောင်းသိရသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများကလည်း တိရစ္ဆာန်ဥယျာဉ်ကြီး နောင်နှစ်ပေါင်းများစွာ တည်တံ့စေရန် တာဝန်ကျေပွန်စွာ ထိန်းသိမ်းစောင့်ရှောက်သွားရင်ဖြင့် အရှေ့တောင်အာရှတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဂုဏ်သတင်းသည် တင့်တယ်နေမည်သာဖြစ်သည်။

မွေးမြူရေးဆိုင်ရာ ပြပွဲ၊ပြိုင်ပွဲ တိုင်းရင်းသားကျေးရွာ၌ ကျင်းပ

တိုက်ကြီး၊ ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံတွင် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမဦးဆုံး မွေးမြူရေးဆိုင်ရာ ပြပွဲ၊ပြိုင်ပွဲ အခမ်းအနားကို သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒေါက်တာ မြဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မွေးမြူရေးဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကြီးတွင် နိုင်ငံတစ်ဝန်းနှင့်ပြည်ပနိုင်ငံများမှ လုပ်ငန်းရှင်ပေါင်း ၄၀ ကျော်တို့က ပြခန်းပေါင်း ၆၇ ခန်းဖြင့် လာရောက်ပြသခဲ့သည်။

